ကျောက်ပန်းတောင်း - သဲအင်းစာစဉ် (၉)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ဝိုင်း
ဆေးရိုးပင် - သဲအင်းဂူဝိပဿနာရိပ်သာ (၉)ရက် အဝိဇ္ဇာနှစ်ခန်းပွဲ၌

ကျောက်ပန်းတောင်းမြို့ ၊ သဲအင်းဂူဝိပဿနာ ကမ္မဋ္ဌာန်းရိပ်သာများ၏အဓိပတိ
ပြည်တွင်းပြည်ပ သာသနာပြု မဟာကမ္မဋ္ဌာနာစရိယ
ဆရာတော် ဘဒ္ဒန္တဓမ္မသာမိ

ဟောကြားတော်မူအပ်သော

# အာနာပါနရှုင်းတမ်း

အလုပ်ပေးတရားတော်

ယောဂီ
ကိုယ့်စိတ် ကိုယ်စစ်

သဲအင်းဂူ ဝိပဿနာ ကမ္မဋ္ဌာန်းရိပ်သာ၏

စာစဉ် (၉)

မွေ့ဒိုနအလှူရှင်

# ဆရာ ဒေါက်တာ ကေသာဦး

(ကိုယ့်စိတ်ကိုယ်စစ်)

အား အမှူးထား၍

# ကိုယ့်စိတ်ကိုယ်စစ်

ရန်ကုန်—မလေးရှား ယောဂီများ

ကောင်းမှု

ကျောက်ပန်းတောင်းမြို့၊ သဲအင်းဂူဝိပဿနာ
ကမ္မဋ္ဌာန်းရိပ်သာများ၏အဓိပတိ
ပြည်တွင်းပြည်ပ သာသနာပြု မဟာကမ္မဋ္ဌာနာစရိယ

# ဆရာတော် ဘဒ္ဒန္တဓမ္မသာမိ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ပိုင်း
ဆေးရုံးပင် – သဲအင်းဂူဝိပဿနာရိပ်သာ (၉)ရက် အဓိဋ္ဌာန်စခန်းပွဲ၌
ဟောကြားတော်မူအပ်သော

# အာနာပါနရှုင်းတမ်း

အလုပ်ပေးတရားတော်

ကောဇာသက္ကရာဇ် ၁၃၈၀-ခု ၂၀၁၉-ခု၊

2022/3/21 13:53

## ပုံနှိပ်မှတ်တမ်း

၂၀၁၉-ခုနှစ် ၊ ဒီဇင်ဘာလ ၊ ပထမအကြိမ်၊ အုပ်ရေ-၁၀၀၀
(ဓမ္မဒါန)

အတွင်းစာသားကြီးကြပ် ♦ မဟာကမ္မဋ္ဌာနာစရိယ
ဘဒ္ဒန္တဓမ္မသာမိ

ကွန်ပျူတာစာစီနှင့်ဒီဇိုင်း ♦ ဓမ္မဗျူဟာ-ဒေါ်ဌေးဌေးအောင်
ဓမ္မဗျူဟာ-ဒေါ်ဇင်ဝါမြင့်

ပုံနှိပ်သူနှင့်စာအုပ်ချုပ် ♦ ဒေါ်လှလှမြိုင် (၀၀၁၁၆)
မိဘမေတ္တာပုံနှိပ်တိုက်
အမှတ်-၅၄၄၊ အင်းတော်လမ်း၊
စက်မှုဇုံ(၂)၊ တောင်ဒဂုံမြို့သစ်၊
ရန်ကုန်မြို့။

ထုတ်ဝေသူ ♦ ဦးကျော်ကျော်ဝေ (၀၀၀၄၇)
ရွက်စိမ်းစာပေ၊ အမှတ်-၄၃/A ၊
၄-လမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။

ဖြန့်ချိရာဌာန ♦ သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းရိပ်သာ
ကျောက်ပန်းတောင်းမြို့။
(ဖုန်း-၀၉-၄၀၂၅၁၉၆၇၈၊
၀၉-၄၀၂၀၆၃၉၁၁)

ကျောက်ပန်းတောင်းမြို့၊
သဲအင်းဂူ ဝိပဿနာ ကမ္မဋ္ဌာန်းရိပ်သာများ၏ အဓိပတိ



ပြည်တွင်းပြည်ပ သာသနာပြု မဟာကမ္မဋ္ဌာနာစရိယ
ဆရာတော် ဘဒ္ဒန္တ ဓမ္မသာမိ

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


* နိဒါန်း — က-ဃ

* ကန်တော့ပန်လွှာ — င-ဓ


### "အာနာပါနရှင်းတမ်းတရားတော်"


၁။ သဲအင်းဂူဆရာတော်ဘုရားကြီး၏ အာနာပါန ရှုနည်း — ၁

၂။ ရှုနည်း မမှန်လို့ — ၄

၃။ အခြေခံနည်းတွေ ပိုင်နိုင်စွာ နားလည်ထားရန် လိုအပ် — ၇

၄။ ဘာကြောင့် ပြင်းပြင်း ရှုရသလဲ — ၁၁

၅။ ဖြစ်ရပ်တစ်ခု — ၁၃

၆။ ရှုတာ 'သမာဓိ' ၊ ရှုတာ 'ပညာ' — ၁၅

၇။ ဝိပဿနာဆိုတာ 'ဉာဏ်အလုပ်' — ၁၇

၈။ အများပြောအမှန် 'မရှိပညတ်' — ၁၈

၉။ တရားသဘောအမှန် 'ရှိပညတ်' — ၂၀

၁၀။ ဝင်လေ ဝင်မှန်းသိ၊ ထွက်လေ ထွက်မှန်းသိ — ၂၂

၁၁။ ဝင်လေ ထွက်လေသည် 'အရှုခံအာရုံ' — ၂၄

၁၂။ ဝင်လေ ထွက်လေသည် 'ပစ္စုပ္ပန် အရှိတရား' — ၂၅

၁၃။ အရှုခံအာရုံ နဲ့ ရှုစိတ် — ၂၆

၁၄။ သမာဓိ တည်အောင် ရှုနိုင်းတာ — ၂၉

၁၅။ သမာဓိ ရှိလာရင် အမှန်သဘောကို သိလာ — ၃၁

၁၆။ အရှုခံအာရုံ နဲ့ အရှုခံအာရုံရဲ့သဘော — ၃၃

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | အာရုံကို သတိနဲ့ ရှု | ၃၄ |
| ၁၈။ | သဘောပေါ် ဉာဏ်ရောက် | ၃၆ |
| ၁၉။ | နားလည်အောင် သင်ပြပေးရမယ် | ၃၈ |
| ၂၀။ | သဘောပိုင်အောင် ရှုထား | ၄၀ |
| ၂၁။ | သဘောမပိုင်ရင် ဝိပဿနာဉာဏ်တက်လို့ မရနိုင် | ၄၂ |
| ၂၂။ | သတိ 'ထား'တာ | ၄၄ |
| ၂၃။ | သတိ 'ရှိ'တာ | ၄၇ |
| ၂၄။ | သတိထားတာရယ်၊ သတိရှိတာရယ် ကွဲပြီလား | ၄၈ |
| ၂၅။ | မဟာကပ္ပိနမထေရ် | ၅၁ |
| ၂၆။ | အရိယာက စိတ်ကြည့်တာ | ၅၃ |
| ၂၇။ | သဘာဝဆိုက်ပြီဆိုတာနဲ့ ရှုစရာမလိုတော့ပါ | ၅၅ |
| ၂၈။ | တရားတွေ့တယ်ဆိုတာ အသိပြောင်းသွားတာ | ၅၇ |
| ၂၉။ | သဘောပရမတ်ကို မရောက်ရင် မဂ်မကျ | ၅၉ |
| ၃၀။ | သဘာဝဆိုက်သွားပြီ | ၆၁ |
| ၃၁။ | သဘာဝဆိုတဲ့သဘောကို မမြင်၊မသိဘဲနဲ့ ဖြစ်ပျက်မမြင်နိုင် | ၆၃ |
| ၃၂။ | ဉာဏ်ပိုင်းရောက်ပြီ | ၆၆ |
| ၃၃။ | ယောဂီတွေ အစာကြေအောင် ဟောနေရတာ | ၆၇ |
| ၃၄။ | သဲအင်းနည်းကို သိပြီလား | ၆၉ |
| ၃၅။ | သဘောတရားတို့သည် | |





| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၇။ | ဉာဏ်က ကိလေသာကို သတ်ပစ်လိုက်တာ | ၇၅ |
| ၃၈။ | ဉာဏ်ဘယ်အချိန်မှာ ဖြစ်သလဲ | ၇၇ |
| ၃၉။ | ရှုကွက်ထဲမှာ သိရမှာက 'သဘော' | ၇၉ |
| ၄၀။ | တရားတွေ စစ်မှန်၍ ဟောခွင့်ပေး | ၈၂ |
| ၄၁။ | ရဟန္တာဆိုတာ ဝသီဘော်မစွန့် | ၈၅ |
| ၄၂။ | ဝါသနာကို ဘုရားရှင်မှသာ စွန့်နိုင် | ၈၇ |
| ၄၃။ | သဲအင်းယောဂီ ကိုယ့်စိတ်ကိုယ်စစ် | ၈၉ |
| ၄၄။ | ဗုဒ္ဓတရားတော်မှာ အသက် ဝိညာဉ် လိပ်ပြာ မရှိ | ၉၁ |
| ၄၅။ | တရားထိုင်မှ သိတာ | ၉၃ |
| ၄၆။ | သေခါနီး အပါယ်နိမိတ်ကို ဘယ်လိုဖြတ်မလဲ | ၉၇ |
| ၄၇။ | သင်္ခါရ နဲ့ အနိစ္စ ကွဲပြီလား | ၁၀၀ |
| ၄၈။ | တရားကို တရားနဲ့ ရှုနေတာ | ၁၀၁ |
| ၄၉။ | သင်္ခါရဒုက္ခကို သိမှ မဂ်ကျတာ | ၁၀၂ |
| ၅၀။ | ဝင်လေ ထွက်လေ ရှုရင်းနဲ့ နိဗ္ဗာန်ရနိုင် | ၁၀၅ |
| ၅၁။ | ချုပ်ရမှာသည် ကိလေသာ | ၁၀၆ |
| ၅၂။ | အာနာပါနရှုကွက် ရှုဉာဏ်တက် | ၁၀၈ |

- ဝင်လေတိုးမှု၊ သတိပြု၊ အသိကပ်၍ရှု။
ဝင်လေတိုးရာ၊ ငါမပါ၊ နှစ်ဖြာရုပ်နာမ်စု။
- ထွက်လေတိုးမှု၊ သတိပြု၊ အသိကပ်၍ရှု။
ထွက်လေတိုးရာ၊ ငါမပါ၊ နှစ်ဖြာရုပ်နာမ်စု။

- သဘောပေါ်ဉာဏ်ရောက်၊ 'ပညတ်' ပျောက်
ဉာဏ်အလင်းပေါက်၊ နိဗ္ဗာန်ရောက်။
- သဘောပေါ်ဉာဏ်ရောက်၊ 'သဏ္ဌာန်' ပျောက်
ဉာဏ်အလင်းပေါက်၊ နိဗ္ဗာန်ရောက်။
- သဘောပေါ်ဉာဏ်ရောက်၊ 'ဒိဋ္ဌိ' ပျောက်
ဉာဏ်အလင်းပေါက်၊ နိဗ္ဗာန်ရောက်။

## နိဒါန်း

"အာနာပါနရှင်းတမ်း" ခန္ဓာကိုယ်တွေ့ ဉာဏ်မြင် အားထုတ်စဉ် ဝိပဿနာအလုပ်ပေး တရားဒေသနာတော်မြတ်သည် ကျောက်ပန်းတောင်းမြို့၊ သဲအင်းဂူဝိပဿနာ ကမ္မဋ္ဌာန်းရိပ်သာများ၏အဓိပတိ ပဓာန နာယက၊ ပြည်တွင်းပြည်ပ သာသနာပြုမဟာကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ဓမ္မသာမိ၊ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၆)ဝိုင်း၊ ဆေးရိုးပင်-သဲအင်းဂူ ဝိပဿနာရိပ်သာ (၉)ရက် အဓိဋ္ဌာန်စခန်းပွဲ၌ ဟောကြားခဲ့သော "အာနာပါနရှင်းတမ်း" တရားတော် ဖြစ်ပါသည်။

အဓိဋ္ဌာန် (၃)ရက်မြောက်တဲ့နေ့ အာနာပါနအရှုရှုချာန် သမာဓိကျင့်စဉ်၊ အာနာပါန ရှုမှတ် ပွားများတဲ့အခါမှာ ပညတ်-ပရမတ်၊ မရှိပညတ်-ရှိပညတ်၊ သဘောပရမတ်တို့ကို ယောဂီများ နားလည် သဘောပေါက်အောင် ရှင်းရှင်းလင်းလင်း သိအောင် ဟောကြားပေးထားပါသည်။

ပထမ မူလ ကျေးဇူးတော်ရှင် သဲအင်းဂူဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း အာနာပါန ရှုပုံ ရှုနည်းများကို ပရိယတ် ပဋိပတ်လုပ်ငန်းကိုက် မှန်ကန်ကြောင်း စေ့စပ်သေချာစွာ ရှင်းလင်းထားခြင်း၊

ကျေးဇူးတော်ရှင် သဲအင်းဂူဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က ဝါတွင်း(၃)လ အထူးအဓိဋ္ဌာန် တရားပြသရာ၌ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ရှုပြထားသော 'အရှုဈာန် ရှုကွက်တရားတော်' များကို ဖွင့်ပြ၍ သမထနှင့် ဝိပဿနာကို ယောဂီများ သိရှိ နားလည်အောင်၊ သဘောပေါက်အောင် ရှင်းလင်း ဟောကြားထားခြင်းကြောင့်...

တရားအဓိဋ္ဌာန် ဝင်ပြီး အာနာပါန အရှုဈာန် ကိုယ်တိုင် ရှုမှတ် ပွားများ အားထုတ်ကြကုန်သော သံဃာတော်များ၊ သီလရှင် ဆရာလေးများ၊ အမျိုးသား အမျိုးသမီး ယောဂီအပေါင်းတို့က သဘောကျ နှစ်သက်၍ အဓိဋ္ဌာန်တရားပွဲ မပြီးခင် ဤ "အာနာပါနရှင်းတမ်း" တရားတော်ကို ဖိုတိုစတက် ကူးယူပြီး စာအုပ် အမြန် ထုတ်ပေးရန် တောင်းပန်စကား လျှောက်ထားလာသောကြောင့်...

ယောဂီ မ ဇင်ဇာဇာဝင်း အသံဖမ်းစက်မှ စာမူအဖြစ် ကူးပြီး ဦးဝင်းလှိုင်မှ ဖိုတိုစတက် သွားရောက် ရိုက်နှိပ်ပြီး



အဓိဋ္ဌာန်(၉)ရက် မပြီးခင် ထုတ်ဝေ ဖြန့်ချိဖြစ်ခဲ့ပါသည်။ ပထမအကြိမ် ဖိုတိုစတက်စာအုပ်ဖြစ်အောင် အသံဖမ်းယူပြီး အသံမှ စာမူအဖြစ် ကူးယူပေးခဲ့သော 'မ ဇင်ဇာဇာဝင်း' နှင့် ဖိုတိုစတက် ရိုက်နှိပ် ဖြန့်ချိပေးခဲ့သော သဲအင်းယောဂီ 'ဦးဝင်းလှိုင်' တို့အား ကျေးဇူးမှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

ထုတ်ဝေ ဖြန့်ချိခဲ့သော "အာနာပါနရှင်းတမ်း" တရားတော်ကို ကိုယ်တိုင်ကိုယ်ကျ ရှုမှတ် ပွားများ နာယူ မှတ်သားကြရသော ယောဂီ သူတော်စင်အပေါင်းတို့ ထပ်တလဲလဲ ဖတ်ရှု လေ့လာ ပွားများ အားထုတ်ရန် သဒ္ဓါထက်သန်သော ဓမ္မမိတ်ဆွေများအား ဓမ္မဒါနပြုလုပ်နိုင်ရန် စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေပေးစေလိုကြောင်း 'ကိုယ့်စိတ်ကိုယ်စစ် သဲအင်းယောဂီများ' မှ တောင်းပန် လျှောက်ထားပါသောကြောင့် အသံသွင်းတရားခွေမှ စာမူအဖြစ် အသစ်ထပ်မံ ကူးယူ တည်းဖြတ်၍ စာအုပ်အဖြစ် စက်တင်ပုံနှိပ် ထုတ်ဝေလိုက်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် မူရင်း ဟောတရားခွေမှ စာမူအဖြစ် ကူးယူ၍ စာအုပ်ဖြစ်သည်အထိ အစစ အရာရာ ကူညီ ဆောင်ရွက် ကြိုးပမ်း ကုသိုလ်ယူခဲ့သော "ပါမောက္ခ ဒေါက်တာ ဒေါ်တင်တင်၊ ဒုတိယပါမောက္ခချုပ်(ငြိမ်း)" အား လည်းကောင်း၊

လက်ရေးမူမှ ကွန်ပျူတာစာမူ၊ ပုံနှိပ်ထုတ်ဝေ ရိုက်နှိပ်နိုင်သည်အထိ အဆင့်ဆင့် ကူညီ ဆောင်ရွက်ပေးခဲ့သော ဓမ္မဗျူဟာ-ဒေါ်ဌေးဌေးအောင်နှင့် သမီး ဒေါ်ဇင်ဝါမြင့်(နန်းကြာနွယ်) မိသားစုတို့အားလည်းကောင်း ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

အရှူးချာန် ဉာဏ်လင်းပေါက် နိဗ္ဗာန်ရောက်ကြပါစေ...။

**အရှင်ဓမ္မသာမိ**
မဟာကမ္မဋ္ဌာနာစရိယ
သဲအင်းဂူဝိပဿနာ ကမ္မဋ္ဌာန်းရိပ်သာ
ကျောက်ပန်းတောင်းမြို့။

၁၃၈၁-ခု၊ နတ်တော်လဆန်း (၃)ရက်။



## ကန်တော့ပန်လွှာ

**"အာစရိယဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ"**

လောကုတ္တရာ အမွေထူး၊ အမွေမြတ် ပေးအပ်သနားခဲ့သော ဆရာမြတ်သခင် ကျေးဇူးတော်ရှင် သဲအင်းဂူ ဆရာတော်ဘုရားကြီး၏ ကျေးဇူးတော်၊ ဂုဏ်တော်အထူးကို 'ဓမ္မသာမိ'ဟု နာမမည်ခေါ် ဘုရားတပည့်တော်သည် ဤ **'အာနာပါန ရှင်းတမ်းတရားတော်'** ကိုယ်တွေ့ဉာဏ်မြင် အားထုတ်စဉ် ဝိပဿနာအလုပ်ပေး ရှင်းတမ်း တရားဒေသနာမြတ် ရေးသားပါ၍ 'ဓမ္မပူဇာ'တရားဖြင့်သာ အမြတ်ဆုံး ပူဇော်ကန်တော့လိုက်ပါ၏ ဆရာတော် အရှင်သူမြတ်ကြီး ဘုရား...

ခန္ဓာဝန် ဓာတ်သိမ်း၍
အေးငြိမ်းရာမှန် မြတ်နိဗ္ဗာန်သို့
စံဝင်တော်မူသော
ဆရာတော်ဘုရားအား...

ဘုရားတပည့်တော် လွန်စွာရိုကျိုး လက်စုံမိုး၍၊ ရှိခိုးကန်တော့ ပန်ဆင်လျက် လျှောက်ထားပန်ကြားပါသည် ကျေးဇူးတော်ရှင် ဆရာတော်သခင် အရှင်သူမြတ်ကြီးဘုရား...

* ဆရာမြတ်သခင်၊ ထေရ်အရှင်မြတ်ကြီးဘုရား…
ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းရာ မြတ်နိဗ္ဗာန်သို့
စံမြန်းနေတော်မူသော်လည်း တပည့်အပေါင်းတို့က
ဆရာတော်ဘုရား သက်တော်ထင်ရှား ရှိနေသေးသည့်နှယ်၊
* ကျေးဇူးတော်ရှင် ဆရာမြတ်သခင်၊ ထေရ်အရှင်မြတ်ကြီး
ဘုရား… အရှင်ဘုရား ဟောကြားတော်မူခဲ့သော ကိုယ်တွေ့
ဉာဏ်မြင် အားထုတ်စဉ် အကျင့်မြတ် ပဋိပတ်တရားတော်
တို့၏ ဂုဏ်တော် ကျေးဇူးတော်တို့သည်
ထွန်းလင်းတောက်ပစွာ ကွန့်မြူးလျက်၊
* ကျေးဇူးတော်ရှင် ဆရာမြတ်သခင်၊ ထေရ်အရှင်မြတ်ကြီး
ဘုရား… တပည့်အပေါင်းတို့အား အမြဲသဖြင့် ဆိုဆုံးမလေ့
ရှိသော '**သဲအင်းယောဂီ ကိုယ့်စိတ်ကိုယ်စစ်**' ဆိုတဲ့ တရား
ဆောင်ပုဒ်နှင့် လျော်ညီစွာ ဘုရားတပည့်တော်၏ စိတ်ထဲ
နှလုံးသည်းပွတ်ထဲ၌ အမြဲ ကိန်းဝပ်တည်နေအောင်…
* ရရှိပြီးသော တရားဓာတ်တို့ကိုလည်း ထပ်ဆင့်တိုးပွား
အကျိုးများ ပြန့်ပွားထွန်းကားလာအောင်…
**သဲအင်း၊ ဇွဲတင်း၊ အမြဲလင်းအောင်…**
ကြိုးစားပါမည်ဘုရား။
ပွားများပါမည်ဘုရား။
အားထုတ်ပါမည်ဘုရား။



**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ပိုင်း၊
ရန်ကုန်-ဆေးရိုးပင် သဲအင်းဂူရိပ်သာ၊
သဲအင်းဂူဝိပဿနာ (၉)ရက် အဓိဋ္ဌာန်စခန်းပွဲ၌
ဟောကြားတော်မူအပ်သော

# အာနာပါနရှင်းတမ်းတရားတော်

## သဲအင်းဂူဆရာတော်ဘုရားကြီး၏ အာနာပါန ရှုနည်း

တရားမထိုင်ခင် ရှင်းတမ်းလေးတစ်ခုတော့ ပြောရဦးမယ်။

ဘုန်းကြီးတို့ရဲ့ အနန္တဂုဏ်အင် ကျေးဇူးတော်ရှင် သဲအင်းဂူဆရာတော်ဘုရားကြီး၏ ဥပနိဿယျကို ဘုန်းကြီးတို့ နည်းယူကျင့်ပြီး ဒီကနေ့ အဓိဋ္ဌာန်(၉)ရက်စခန်း (၃)ရက်ပြည့်တဲ့နေ့ပါ။

အားလုံးပဲ တရားမထိုင်ပါနဲ့ဦး။ သေချာနာပါ။ ဒီ (၃) ရက်အတွင်းမှာ သမာဓိကျင့်စဉ်အနေနဲ့ ယောဂီတို့ ကိုယ်တိုင်လည်း သိတဲ့ **အာနာပါနစျာန်၊ အာနာပါနသတိက နေပြီးတော့**

**အာနာပါနသမာဓိ ရအောင် ရှုနိုင်းခြင်း ဖြစ်တယ်။ ဒါ သမာဓိ ကျင့်စဉ်ပိုင်း၊ သမာဓိ ထူထောင်တာ။**

ဘုန်းကြီးတို့ရဲ့ ကျေးဇူးရှင် သဲအင်းဂူဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်က ဘုန်းကြီးတို့ ဝါတွင်း (၃)လမှာ တရားအားထုတ်တဲ့အခါမှာ ဒီကနေ့ ရှုထားတဲ့ အရှုနည်းတွေလို ဆရာတော်ကြီး ကိုယ်တိုင် ရှုပြထားတာတွေ ဖြစ်တယ်။ ဆရာတော်ကြီးကိုယ်တိုင် ရှုပြတယ်။ အရှု သင်ပေးတာ။ သမာဓိရအောင်ပေါ့နော်။

ဒါ လောကဝေါဟာရနဲ့ ပြောရင် အရှု သင်ပေးတာ။ ဘုန်းကြီးတို့ သာသနာအသုံးနဲ့ ပြောမယ်ဆိုရင် အာနာပါနဈာန်၊ အာနာပါနသမာဓိကို ထူထောင်နိုင်းတာ ဖြစ်တယ်။

သဲအင်းနည်းနဲ့ ရှုမှတ်ပွားများ အားထုတ်တော့မယ်ဆိုရင် သံဃာတော်အရှင်သူမြတ်များ၊ သီလရှင် ဆရာလေးများ၊ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့က ဒါလေးကို သဘောပေါက်ထားရမယ်။

ဒါကြောင့် အရှုဆိုတာ အာနာပါနသတိကနေ သမာဓိရအောင် ရှုနိုင်းတာ။ အဲဒီတော့ ဆရာတော်ကြီးရဲ့ သက်တော်ထင်ရှားရှိစဉ်က ရှုပုံရှုနည်း၊ မူစည်းကမ်းကို သိဖို့လို့ ဘုန်းကြီးတို့ရဲ့ အရှုခွေကို ရှေ့တန်းတင်ပြီး ဘယ်တော့မှ ဖွင့်မပေးပါ။

တစ်ခါတလေ တပည့်ယောဂီတွေ ထိနမိဒ္ဓ ဝင်တဲ့အချိန်



မှသာ ဘုန်းကြီးတို့က ရှုပြတာ။ ရှုပုံရှုနည်းကို ခပ်ဆတ်ဆတ် ခပ်မြန်မြန် ဆရာတော်ကြီး သင်ပေးတဲ့ ရှုနည်းအတိုင်း ရှုပေးပါတယ်။ ထိနမိဒ္ဓကို တိုက်တယ်ခေါ်တယ်။ အာနာပါနနဲ့ တိုက်ထုတ်ပစ်တာပါ။

ဘုန်းကြီးတို့ ရှုတာထက် ကျေးဇူးတော်ရှင် သဲအင်းဂူဆရာတော်ဘုရားကြီး ရှုသွားတဲ့ ဈာန်၊ ရဟန္တာအရှင်မြတ်ကြီးရဲ့ ဈာန်၊ ရဟန္တာအရှင်မြတ်ကြီးရဲ့ မေတ္တာဓာတ်၊ ရဟန္တာအရှင်မြတ်ကြီးရဲ့ ကရုဏာ၊ ကိလေသာကုန်ခန်းသော အရှုဓာတ်။ အဲဒီဓာတ် တရားတွေ ယောဂီတို့ရဲ့ နှလုံးသားထဲမှာ ရောက်သွားရင် ယောဂီတို့ အရှုဈာန် ရသွားမယ်။

ဒါကြောင့် ဘုန်းကြီးတို့က ကိုယ့်အရှုဈာန်ကို ဦးစားမပေးဘဲနဲ့ ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်က ရှုတဲ့ ရှုပုံရှုနည်းကို သြော်… သဲအင်းနည်းက ဒါပါလား။ ဘုန်းကြီးတို့ ရှုရင် သံသယဖြစ်စရာ ရှိတယ်။ ဘုန်းကြီးတို့ ရှုထားတဲ့ အသံခွေကို ဖွင့်ပြရင် သံသယဖြစ်စရာ ရှိနိုင်တယ်။ ဒါကြောင့် ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်က ဆရာတော်ကြီးရဲ့ မူ၊ စည်းကမ်း၊ ရှုပုံရှုနည်းကို ဖွင့်ပြတာ။ ဘုန်းကြီးရဲ့ ရှုပုံရှုနည်း ရှေ့တမ်းတင်ပြီး ဘယ်တော့မှ မလုပ်ပါ။

နောင်လာနောက်သားတွေ မူလ သဲအင်းဂူဆရာတော်ကြီးက ဘယ်လို ရှုသွားတယ်။ ဘယ်လို ဈာန်တွေ ရသွားအောင်

ရှုပြသွားတယ်ဆိုတာ နောင်လာနောက်သား တပည့်တွေ သိဖို့ ဆရာတော်ကြီးရဲ့ ရှုနည်းအသံခွေကို မပျောက်ပျက်အောင် ထိန်းသိမ်းထားတာ။

ဒါကြောင့်မို့လို့ ဘုန်းကြီးတို့ရဲ့ တရားပွဲတွေမှာ ဘုန်းကြီးတို့ရဲ့ အရှုကို ရှေ့တမ်းမတင်ဘဲ ဆရာတော်ဘုရားကြီး၏ ရှုပုံရှုနည်းကိုသာ မူလဆရာတော်ဖြစ်တဲ့အတွက်၊ မူလကျေးဇူးရှင် ဆရာတော်၏နည်း၊ မူလကျေးဇူးရှင် ဆရာတော်ကြီးက ဘယ်လို ရှုသွားသလဲဆိုတာကို တပည့်တွေလည်း ကိုယ်တိုင်ကြားပြီးတော့ သိသွားဖို့၊ ဘုန်းကြီးတို့က ဘုန်းကြီးတို့အပေါ် သံသယ မဖြစ်ဖို့ ပြောတာ။

## ရှုနည်း မမှန်လို့

တချို့က သဲအင်းတရားက 'ရှူးရဲ ဂူးဂဲ'လို့ ပြောကြတယ်။ သဲအင်းတရားကြီးက ရှုတာကလည်း မြွေရှုသံလိုပဲ၊ မြွေတွန်သံလိုပဲလို့ တချို့က ပြောတယ်။ ဒါကို လူတွေတင် မဟုတ်ဘူး။ ဘုန်းကြီးတွေပါ ပြောတာ။

အယူဝါဒတစ်ခုက ကျင့်သုံးတဲ့အခါမှာ သဘာဝယုတ္တိ၊ အာဂမယုတ္တိ၊ ဒေသနာယုတ္တိတွေ ရှိတယ်။ ဒါကြောင့် ဝါဒတစ်ခုကို ယုဉ်တော့မယ်၊ ဝါဒအသစ်တစ်ခုကို ပြိုင်တော့မယ်ဆိုရင်၊ ဒီအယူဝါဒကို တိုက်ဖျက်တော့မယ်ဆိုရင် သဘာဝယုတ္တိကော ရှိရဲ့လား။ အာဂမယုတ္တိကော ရှိရဲ့လား။ ဒေသနာယုတ္တိကော ရှိရဲ့လား။ အဲဒီ ယုတ္တိသုံးပါးကို ကြည့်ပြီး ဝါဒတစ်ခုကို ယှဉ်ရမယ်။



ဒီလိုမှ မဟုတ်ဘဲနဲ့ ကိုယ့်အတ္တ၊ ကိုယ့်အတ္တနောမတိ ဝါဒနဲ့ ကိုယ့်ရဲ့အယူအဆကို မှန်တယ်လို့ ပြောလို့ မရဘူး။ ဒီကနေ့ ကမ္ဘာကြီးက လက်မခံတော့ပါ။

ဒါကြောင့် ဘုန်းကြီးတို့က ဒီ မြွေရှုတယ်ဆိုတာ ဘယ်လိုလဲ။ ဒါ ယောဂီတို့ တချို့ မြို့ကလူတွေ သိချင်မှ သိမယ်။ တောမှာနေတဲ့ တောသားတွေ သိမယ်။ ဘုန်းကြီးတို့က တောမှာနေတဲ့ တောသားဖြစ်တယ်။ ဒါပေမယ့် ကြီးလာမှ တောပြန်ရောက်တာ။ ၁၉၅၈-ခုနှစ်၊ အငယ်လေး ရှစ်နှစ်သားကတည်းက ရန်ကုန် ရောက်နေတာ။ ရဟန်းဖြစ်မှ တောပြန်ရောက်တာ။ သာသနာပြုချင်လို့။

မြွေအသက် ရှုတာကို လေ့လာထားရတယ်။ မြွေအသက်ရှုတာ ရှိုဆိုပြီးတော့ တောက်လျှောက် အကြာကြီးပဲ။ ထွက်သွားတဲ့လေ ပြန်ဝင်တော့လည်း ရှူးဆိုပြီးတော့ အကြာကြီးပဲ။ ဒီ မြွေ ရှုသံနဲ့ ဆရာတော်ကြီး ရှုသံ ဘာကြောင့် နှိုင်းသလဲလို့ ဘုန်းကြီး စဉ်းစားလို့ မရဘူး။

မိမိရဲ့ အယူဝါဒကို ရှေ့တန်းတင်၊ သူများ အယူဝါဒ အောက်ချ။ သူများ မကောင်း၊ ကိုယ် ကောင်းကြောင်း။ အရိယာသူတော်ကောင်းဆိုတာ နှလုံးသားမှာ ဒီလိုစိတ် မရှိဘူး။ သူတော်

ကောင်း မှန်သမျှ ဘယ်တော့မှ ယှဉ်ပြိုင်မှု မရှိဘူး။ ယှဉ်ပြိုင်
တဲ့အလုပ် မလုပ်ဘူး။ ယှဉ်ပြိုင်တယ်ဆိုတာ ဒေါသ။ အနိုင်
လိုချင်တာ။ မင်းက ဘာလဲ။ ငါက ဘာလဲဆိုတဲ့ မာန။ မာနမှ
ဒေါသပါ။

ဘယ်တော့မှ အရိယာသူတော်ကောင်းတွေက ယှဉ်ပြိုင်
တဲ့ အလုပ်ကို မလုပ်ဘူး။ ဘာကြောင့်လဲဆိုတော့ သဘာ
ဆိုတဲ့ သဘောတရားကြီးကို ဉာဏ်နဲ့ သိသွားပြီ။ ဒါကြောင့်
ဒီကနေ့ ဆရာတော်ဘုရားကြီး ရှုနည်းက ဒါ စာထဲမှာလည်း
သိကြပါလိမ့်မယ်။ ရှည်ရှည် ရှုတယ်။ တိုတို ရှုတယ်။

**ဒီဃံ ဝါ အဿသန္တော 'ဒီဃံ အဿသာမီ'တိ ပဇာ
နာတိ။ ဒီဃံ ဝါ ပဿသန္တော 'ဒီဃံ ပဿသာမီ'တိ ပဇာ
နာတိ။**

**ရဿံ ဝါ အဿသန္တော 'ရဿံ အဿသာမီ'တိ ပဇာ
နာတိ။ ရဿံ ဝါ ပဿသန္တော 'ရဿံ ပဿသာမီ'တိ ပဇာ
နာတိ။"**

ရှည်ရှည်- **ဒီဃံ**၊ တိုတို- **ရဿံ**။

ရှည်ရှည် ရှုတဲ့အခါကျတော့ ဝင်လေလည်း ရှည်ရှည်
ရှုရမယ်။ ထွက်လေလည်း ရှည်ရှည် ရှုထုတ်ရမယ်။ အဲဒီတော့
အသံမပြင်းဘူး။ ရှည်ရှည် ရှုသွင်း၊ ရှည်ရှည် ရှုထုတ်ရမယ်။
ရှည်ရှည် ရှုပြီး တိုတို ရှုမထုတ်ရဘူး။ ဒါဆို သမာဓိ ပျက်



တယ်။ ရှည်ရှည် ရှုရင် ရှည်ရှည် ရှုထုတ်ရမယ်။ စာထဲလည်း
အဲဒီလိုပဲ ပါတယ်။

တိုတိုရှုရင် တိုတိုရှုထုတ်ရမယ်။ တိုတိုရှုပြီး ရှည်ရှည်
ရှုထုတ်ရင် သမာဓိ မရတော့ဘူး။ တချို့က စိတ်ဇောကြီး
တင်းပြီး အားတွေထည့်။ တစ်ခါတည်း စိတ်တွေတင်းတော့
ရုပ်တွေတင်း။ ဒီကြားထဲ ခန္ဓာကိုယ်က ထုံကျဉ် ညောင်းညာ
ကိုက်ခဲဆိုတဲ့ ဝေဒနာတွေ ကြောက်ပြီး စိုးရိမ်စိတ် ကြောက်စိတ်
နဲ့ ရှုတာ ရှိတယ်။ အဲဒါကြောင့် စိတ်တွေတင်း ရုပ်တွေက
တင်း၊ ဇောတွေတင်း၊ ရုပ်တွေက ကြွတော့ အကြောတွေထောင်
ပြီး ဘာဖြစ်သွားလဲ။ လက်တွေ ကွေးကောက်ပြီး ရင်တွေ
ဆို့ကြပ်ပြီးတော့ မရှုနိုင်တော့ဘူး။

ဟာ..သဲအင်းတရားကြီးက ပြင်းတယ်ဆိုတာ မရှုတတ်
လို့၊ သူက မရှုတတ်လို့၊ ရှုနည်းမမှန်လို့၊ ရှုနည်းက ပုံစံ
မကျလို့ ဆရာသမားခိုင်းတဲ့အတိုင်း မလုပ်တော့ ဇောတွေ
တင်း။ အဲ့သလို ဖြစ်သွားတာ။

### အခြေခံနည်းတွေ ပိုင်ပိုင်နိုင်နိုင် နားလည်ထားရန် လိုအပ်

တချို့ယောဂီတွေရဲ့ ထွက်လေ ဝင်လေဟာ ကြာကြာ
ဖြစ်ကြတယ်။ တချို့ယောဂီတွေက မြန်မြန် ဖြစ်လာတယ်။
မြန်မြန် ဖြစ်ရင်လည်း သတိနဲ့ အသိက မလွတ်စေရဘူး။
ကြာကြာ ဖြစ်ရင်လည်း သတိနဲ့ အသိက မလွတ်စေရဘူး။

အတို အရှည်ကို သိအောင် အားထုတ်တယ်ဆိုတာ ဒါကို ပြောတာ။ ကြာကြာ ရှူတာနဲ့ မြန်မြန် ရှူတာ ဒီနှစ်ခုဟာ '**ဒီဃ**'နဲ့ '**ရဿ**'ကို ပြောတာ။

ကြာကြာ ရှူရင်လည်း သတိနဲ့ အသိက မလွတ်စေနဲ့။ မြန်မြန် ရှူရင်လည်း မြန်သလောက် သတိနဲ့ အသိ မြန်မြန်ပဲ လိုက်ပါ။ အဲဒါ '**ဒီဃ ရဿ**- အရှည် အတို' လိုက်တယ်လို့ ဆိုရမယ်။

တစ်ခါတုန်းက အမေရိကားမှာနေတဲ့ ဒကာတစ်ယောက် လုပ်ငန်းရှင်။ အရင်တုန်းက ဘူမိဗေဒဘွဲ့ရပြီးတော့ အမေရိကားမှာ သွားနေ။ ဗုဒ္ဓဘာသာတော့ မဟုတ်ဘူး။ အစ္စလာမ်။ အဲဒီ အစ္စလာမ်ဒကာက ဗမာအမျိုးသမီးနဲ့ လက်ထပ်ပြီးတော့ ဗုဒ္ဓဘာသာသို့ ကူးပြောင်းတယ်။ ဗုဒ္ဓဘာသာတရားတွေ နှံ့နှံ့စပ်စပ် အားထုတ်တယ်။ စာအုပ်လည်း ရေးတယ်။

တစ်နေ့မှာ ဘုန်းကြီးကျောင်းသို့ ရောက်လာတယ်။ ဘုန်းကြီးရဲ့တပည့် လုပ်ငန်းရှင်တစ်ယောက်နဲ့ ရောက်လာတာ။ ရောက်လာတဲ့အခါကျတော့ သဲအင်းဂူတရားကို အားထုတ်တယ်။ အားထုတ်တဲ့အခါ ဒီရန်ကုန်မြို့ပေါ်က သဲအင်းဂူရိပ်သာတစ်ခုသို့ ဒကာတစ်ယောက်က ညွှန်လိုက်လို့ ရောက်သွားတယ်။

အဲဒီမှာ သူ ပြင်းပြင်း ရှူလိုက်ရတယ်၊ ဘာမှလဲ မသိဘူး။ ရှူခိုင်းလို့သာ ရှူနေရတာပဲ။ ဘာမှလည်း မသိဘူးဘုရား။



တပည့်တော် စာထဲမှာ ကြည့်တယ်။ ပြင်းပြင်းရှူရတာကြီးက စာထဲမှာလည်း မပါဘူးဘုရား။ အဲဒီမှာ တပည့်တော် တော်တော်ကြာတယ်။ ပြင်းပြင်းရှူရတယ်။ အရှူချည်းပဲ ရှူရတာ။ ဘာမှကို မသိခဲ့ဘူး။ ပြင်းပြင်းသာ ရှူရတယ်။ ဘာမှ မသိခဲ့ဘူး။"

"သြော်.. ဟုတ်လား၊ ဒကာကြီး။ ဒကာကြီး ရှူကြည့်ပါ။ ရှည်ရှည် ရှူစမ်းပါဗျာ။ ရှည်ရှည် ရှူ။ ပြီးတော့ တိုတို ရှူ ဒကာကြီး။ တိုတို ရှူတဲ့အခါကျတော့ အသံပြင်းလာတယ်။ (ဆရာတော် ရှူပြတယ်။) ရှည်ရှည် ရှူတယ်။ ပြီးတော့ တိုတို ရှူတော့မယ်။ တိုတိုရှူတော့ ယောဂီတွေ အသံ ပြင်းမလာဘူးလား။"

"ပြင်းလာပါတယ်ဘုရား။"

"ဖြည်းဖြည်း ရှူလို့ရလား။"

"မရပါဘုရား။"

"တိုတို ရှူတယ်ဆိုတာ မြန်မြန် ရှူတာ။ မြန်မြန် ရှူတော့ အသံထွက်မလာဘူးလား။"

"ထွက်လာပါတယ်ဘုရား။"

"အဲဒါ ဝင်လေရဲ့ အစက 'နှာသီးဖျား'၊ အလယ်က 'ရင်ချိုင့်'၊ အဆုံးက 'ချက်'။ ထွက်လေရဲ့အစက ချက်တိုင်၊ အလယ်က ရင်ချိုင့်၊ အဆုံးက နှာသီးဖျား။ ဒီလို ခပ်မြန်မြန်ကို

တိုတို ရှူတယ်ခေါ်တယ်။ ရသံ- တိုတို ရှူလိုက်တဲ့အခါကျ တော့ အရှူ ပြင်းမလာဘူးလား။”

“ပြင်းလာပါတယ်ဘုရား။”

“လေသံပြင်းမလာဘူးလား။”

“ပြင်းလာပါတယ်ဘုရား။”

“ရှည်ရှည် ရှူတုန်းက အသံပြင်းရဲ့လား။”

“မပြင်းပါဘုရား။”

“အဲဒါဘာလဲ၊ ဒီ ရှူလိုက်တဲ့လေက ချက်ကို မရောက် တော့ဘူး။ ရင်ခေါင်းကနေ ပြန်တက်လာတယ်။ မြန်မြန် ရှူ တော့ အဆုံးထိ ချက်တိုင်ကို မသွားတော့ဘဲ ရင်ခေါင်းကနေ ပြန်ထုတ်တယ်။ အဲဒီမှာတင် ခပ်မြန်မြန် ခပ်ဆတ်ဆတ် ခပ် တိုတိုလေး ရှူတော့ အသံထွက်လား။

ရှူကြည့်။ ဒကာကြီး ရှူကြည့်ပါ။ သူ ရှူကြည့်တယ်၊ ဘုန်းကြီး မပြောတော့ဘဲ နေတယ်။ ပြီးတော့မှ ဒကာကြီး ဘာပြောချင်သေးလဲ။ ဘာမှ မပြောတော့ပါ။ ဒါကြောင့် ကိုယ်တိုင် ကျင့်သုံးတဲ့တရားကို ပိုင်မှ ကောင်းတယ်။

**အောက်ခြေမပိုင်၊ သာခွေယိုင်၊ ငိုင်ကာငေးတော့သည်၊**
**အောက်ခြေမရှင်း၊ ဉာဏ်မလင်း၊ စင်းစင်းခံရမည်။**

ဒါက အခြေခံ။



ရိပ်သာတစ်ခုရဲ့ နည်းကို အားထုတ်ပြီဆိုရင် အဲဒီနည်းရဲ့ အခြေခံနည်းတွေ ကိုယ်က ပိုင်ပိုင်နိုင်နိုင် နားလည်ထားရမယ်။ သဘောပေါက်ထားရမယ်။ ဒါကို ဆရာသမားကလည်း ဟော ပေးရမယ်။

ကဲ အဲဒီတော့ ဒကာကြီး ရှူပါဆိုတော့ ဟုတ်ပါတယ် ဘုရား။ ဘာမှ ထပ်မပြောတော့ပါ။ အဲဒါ သဲအင်းဆရာတော် ကြီးက “နှာတစ်လက်တည်းနဲ့ ဆေးဆရာ ဘယ်တော့မှ မလုပ် ဘူး”။ ပုဂ္ဂိုလ်စရိုက်ကြည့်ပြီး တရားပြတာ။

## ဘာကြောင့် ပြင်းပြင်း ရှူရသလဲ

ဘုန်းကြီးက ရန်ကုန်တစ်မြို့လုံးဆိုင်ရာ မိုးကောင်းဗိမာန် ရိပ်သာ၏ ဩဝါဒါစရိယ။ ဘုန်းကြီးက တစ်နှစ်ကို နှစ်ကြိမ် လောက် တရားပြ ရတယ်။ အဲဒီမှာ ဒုဦးစီးမှူး ဒကာတစ် ယောက်က လာမေးတယ်။

“အရှင်ဘုရား‥ အရှင်ဘုရားတို့ သဲအင်းတရားကြီးက ပြင်းပြင်း ရှူရတယ်။ မရှူရင် မရဘူးလား။ ရှူမှ တရားရမှာ လား”လို့ မေးလျှောက်တယ်။

“ဒကာကြီး‥ ဘုန်းကြီး ပြောမယ်။ ရှူမှ တရားရမှာ လား။ မရှူရင် တရားမရတော့ဘူးလား။ ပြင်းပြင်း ရှူမှ တရား ရမှာလား။ မေးစရာရှိတယ်။ ပြင်းပြင်း မရှူရင်ရော တရား မရဘူးလား။ ဒါတွေဟာ မေးမှာပဲ။ ဒီလို မေးတဲ့သူကို ဘုန်းကြီး

အပြစ်မတင်ဘူး။ မေးတဲ့သူကို ကြိုဆိုပါတယ်။ လာပါ၊ မေးပါ
ဆွေးနွေးပါ။ လူတွေရဲ့ သံသယစိတ်ကို မေးရမလားဆိုပြ
ဘုန်းကြီးတို့ စိတ်ထဲမှာ ဒေါသမထွက်ပါ။ ဒီအကျင့်ကို ကိုယ်
က စ, လယ်, ဆုံး ကျင့်ထားတဲ့အခါကျတော့ ဒီအကျင့်န
ပတ်သက်ရင် မေးပါ။ တခြားနည်းတော့ လာမမေးနဲ့။

ဒါကြောင့် အခုမေးတာကို ပရိယတ်နဲ့ ကိုက်ပြီးတော့
ဖြေမယ်။ ကိုယ့်နည်းကိုယ့်ဟန်ကတော့ ဒကာကြီး ပြင်းပြင်း
မရှူလည်း တရားရတယ်။ ပြင်းပြင်း ရှူမှ တရားရတာ မဟုတ်
ဘူး။ ပြင်းပြင်း မရှူလည်း တရားရတယ်။ ပြင်းပြင်း ဘ
ကြောင့် ရှူရသလဲ။ ဝေဒနာတက်လို့ ဆရာတော်ကြီးက ဘော
ချိန် ရှူခိုင်းတာ။ အဲဒီနောက်ကျတော့ ဆရာတော်က သဘာ
ကို ပြတာ။

ကဲ ဗျာ... ဘုန်းကြီး ပြောမယ်။ ရေနစ်တဲ့ ပုဂ္ဂိုလ်က
ရှူလို့ ရသလား။"

"မရပါဘုရား။"

"ကဲ.. သွားရင်းနဲ့ ရေနစ်နေပြီဆိုရင် ရှူလို့ရလား"

"မရပါဘုရား။"

"ဒီအရှူကြီးကို တောက်လျှောက် ရှူလို့ ဖြစ်ပါ့မလား"

"မဖြစ်ပါဘုရား။"

"ဘယ် ဖြစ်မလဲ။ အဲဒီတော့ ဒကာကြီး ဝါဒတစ်ခုက



လှေနံဓားထစ်၊ ငုတ်ရိုက်တုတ်စိုက် မလုပ်ရဘူး။"

**ဖြစ်ရပ်တစ်ခု**

"အဲဒီတော့ ဘုန်းကြီး ပြောမယ်။ သင်္ဘောနဲ့ သွားမယ်၊ လှေနဲ့ သွားမယ်၊ ရေနစ်သွားပြီ။ ရေထဲမှာ ရှူးရှူး..ရှူးရှူး နဲ့ ရှူလို့ ဖြစ်ပါ့မလား။"

"မဖြစ်ပါဘုရား။"

"ဒကာကြီး ဘယ်ဖြစ်မလဲ။ နှာခေါင်းထဲ ရေဝင်ပြီး မွန်းသေသွားမှာပေါ့။ ဖြစ်ရပ်တစ်ခု ဘုန်းကြီး ပြောမယ်။

ဘုန်းကြီးတို့ သာသနာမှာ ကျေးဇူးရှင် သဲအင်းဂူ ဆရာတော်ကို အင်မတန် ကြည်ညိုတဲ့ ဦးစိန်ဝင်းဆိုတဲ့ တရုတ်ဒကာတစ်ယောက် ရှိတယ်။ သဲအင်းဂူကျောင်းကြီးကို ရောက်ဖူးတဲ့သူတွေ ရှိပါလိမ့်မယ်။ မဂ်လေးပါးကျောက်စာ လှူတဲ့ဒကာ။

အဲဒီ တရုတ်ကြီး..တစ်ချိန်တုန်းက အဲဒီဒကာကြီးဟာ အလုပ်ကိစ္စတစ်ခုနဲ့ ဒလဘက်ကို သွားတယ်တဲ့။ အဲဒီသွားတဲ့ အခါကျတော့ အပြန်မှာ လှေနဲ့ ပြန်လာတဲ့အခါမှာတော့ လေက တိုက်၊ လှိုင်းတွေက အရမ်းထန်တယ်။ လှေက မြုပ်သွားလိုက်၊ ပေါ်လာလိုက်နဲ့ ဖြစ်နေတယ်။

ဒကာကြီးက စဉ်းစားတယ်။ ငါတော့ သေပြီ။ ဒီတစ်ခါ တော့ သေတော့မယ်။ လေက တိုက်ပြီး လှေက မငြိမ်တော့ဘူး။

မြုပ်ချည် ပေါ်ချည်။ လှေထဲလည်း ရေဝင်။ တစ်ခါ မြုပ်သွားလိုက်၊ ပေါ်လာလိုက် ဖြစ်နေတယ်။ ကဲ.. ငါ မထူးတော့ဘူး။ ငါ တရားထိုင်ရင်းနဲ့ပဲ အသေခံတော့မယ်ဆိုပြီးတော့ အဲဒီဒကာကြီးက လှေပေါ်မှာ တရားထိုင်တယ်။

တရားထိုင်တဲ့အခါကျတော့ ဒကာကြီးက မရှုဘူး။ ဘာလို့လဲဆိုတော့ သူ ရှုစရာ မလိုတော့ဘူး။ ဆရာတော်ကြီးရဲ့ တရားတွေနဲ့ ဉာဏ်ဖြစ်သွားပြီ။ ဖြစ်တဲ့အခါကျတော့ သူ့ရှုကွက်အတိုင်း ဖောက်ပြန်တယ်၊ ခံစားတယ်။ (ရုပ်က ဖောက်ပြန်တယ်၊ ခံစားတယ်။)၂

မြုပ်သွားလိုက်၊ ပေါ်လာလိုက်။ ဖောက်ပြန်တယ်၊ ခံစားတယ်။ မြုပ်သွားလိုက်၊ ပေါ်လာလိုက်။ ဖောက်ပြန်တယ်၊ ခံစားတယ်။ သူ့စိတ်ထဲမှာ ရှုဉာဏ်ဖြစ်နေတယ်။ သုံးကြိမ်တိတိ ရေထဲမှာ မြုပ်ချည် ပေါ်ချည်၊ မြုပ်ချည် ပေါ်ချည်နဲ့။ အဲဒီမှာ ကယ်မယ့်သူ ပေါ်လာတယ်။

အဲဒီတော့ ဒကာကြီးရေ.. ဒီဒကာ ဦးစိန်ဝင်းဟာ ရှုး ရှဲ..ရှုးရှဲနဲ့ ရေထဲမှာ မရှုဘူးဗျ။ ရေထဲမှာ ရှုရင် နှာခေါင်းထဲ ရေဝင်၊ ပါးစပ်ထဲ ရေဝင် မွန်းကြပ်ပြီး သေဖို့ပဲ ရှိတယ်။

ဒါပေမယ့် ဆရာတော်ကြီး သင်ပေးထားတဲ့ သူ့ခန္ဓာ၊ သူပိုင်တဲ့ ရုပ်လက္ခဏာနဲ့ နာမ်လက္ခဏာ တွဲရှုတယ်။ ဖောက်ပြန်တယ်၊ ခံစားတယ်လို့ တွဲရှုတယ်။ အဲဒီမှာ ဒကာကြီး



သေဘေးက လွတ်လာတယ်။ သူ သေဘေးက လွတ်တဲ့အတွက် အလူမီနီယမ် ကဒ်ပြားလေးတွေနဲ့ လုပ်ပြီး ဆရာတော်ဘုရားကြီး ဓာတ်ပုံရဲ့နောက်မှာ 'ဖောက်ပြန်တယ်၊ ခံစားတယ်' လို့ ရေးလှူထားတာ ရှိတယ်။

## ရှုတာ သမာဓိ ၊ ရှုတာ ပညာ

ဒါကြောင့်မို့လို့ ဒကာကြီးရေ သဲအင်းတရားက အရှုချည်းပဲ မသွားပါဘူး။ ဒီ ရန်ကုန်ပဲ၊ ဘုန်းကြီးတို့ရိပ်သာမှာရှိတဲ့ ဆရာတော်များက တစ်ဦးနဲ့ တစ်ဦး မတူဘူး။ တချို့ အရှုအားသန်တယ်။ တချို့က အရမ်းကို ရှုခိုင်းတာရှိတယ်။

တစ်ခါမှာ ဘုန်းကြီးက သာသနာပြုခရီးစဉ်တွေအတိုင်း လာတဲ့အခါကျတော့ "အရှင်ဘုရားရယ်၊ အရမ်းရှုတာတဲ့။ ရှုလွန်းအားကြီးလို့ သွေးထွက်လို့ ဆေးရုံတက်ရတယ်။

တို့ သဲအင်းတရား ဒီလောက် ပြင်းထန်တာ မဟုတ်ပါဘူးလို့ဆိုတော့ "အရှင်ဘုရားရယ်၊ အရှင်ဘုရားတို့ ဆိုင်းဘုတ်ကြီးတင်ပြီး ရှုခိုင်းနေတာပဲ။"

ဒါတော့ ဘုန်းကြီး မပြောလိုပါဘူး။ ဆရာတော်ကြီးက ဒီလောက် သွေးထွက်အောင် ရှုရတဲ့ အရှုမျိုးကို သက်တော်ထင်ရှား ဆရာတော်ဘုရားကြီး ရှိစဉ်က ကြားလည်း မကြားခဲ့ဖူးဘူး။ မြင်လည်း မမြင်ခဲ့ဖူးဘူး။ တွေ့လည်း မတွေ့ခဲ့ဖူးဘူး။ ဒါ သဲအင်းရဲ့ရှုနည်း မဟုတ်ဘူး။ မယုံရင် ဆရာတော်ကြီး

ရဲ့ အခွေတွေ ရှိတယ်၊ ဖွင့်ကြည့်။ အရှူအားသန်တဲ့ ဆရာတေ
တွေက သူတို့ရှူနည်းအတိုင်း သင်သွားတာ။ ဉာဏ်ဖြစ်တ
မဖြစ်တာတော့ သူတို့မှ အသိဆုံးဖြစ်မယ်။

တစ်ခါလည်း အဲ့လိုပဲ ရှူတယ်။ ယောဂီတစ်ယောက်ဂ
ဆေးရုံတက်တယ်။ အရှူချည်းပဲ ရှူခိုင်းတာ တောက်လျှောက်
ကို ရှူခိုင်းတာ။ အဲဒီမှာကျတော့ ဆေးရုံလည်း တက်ရရော
အသက်ကလည်း နည်းနည်းကြီးတော့ အသက်(၇၀)လောက်
ရှိမယ်ထင်တယ်။

ရောဂါမှ ဖြစ်လာရင် အားအင်တွေကလည်း ဆုတ်လာ
တယ်။ အဲဒါသွားပြီးတော့ အန်တီ ရှူပေး..ရှူပေး..ရှူပေး
ဆိုတော့ လူနာက ဟင်...ဟင်...ဟင် ရှူတာ၊ ရှူခိုင်းတာ
ဟင်...ဟင်...ဟင်နဲ့ ဖြစ်နေတယ်။ တော်တော် ဝမ်းနည်းစရာ
ကောင်းတယ်။ အဲဒါ တကယ့်အဖြစ်အပျက်။ ဘုန်းကြီးနာမည်
မဖော်ချင်ဘူး။ အဲဒါမျိုးတွေ ရှိခဲ့တယ်။ ဒါကြောင့်မို့လို့ ဒီ
အရှူချည်းပဲ သွားလို့ရှိရင် သမာဓိပဲ ရမယ်။

*** ရှူတာ 'သမာဓိ'၊**

*** ရှုတာ 'ပညာ'။**

ဒါကြောင့် ဆရာတော်ကြီးရဲ့ တရားခွေတွေမှာ ရှူတာ
သမာဓိ၊ ရှုတာ ပညာ။

အဲဒါ အရှူသမာဓိ ရသွားပြီဆိုရင် ဒါဟာ ပညာပိုင်း
ရောက်တော့မယ်။

## ဝိပဿနာဆိုတာ ဉာဏ်အလုပ်

**"ပညတ္တိံ ဌပေတွာ ဝိသေသေန ပဿတီတိ ဝိပဿနာ"**

**ပညတ္တိံ** - အဝိဇ္ဇမာနပညတ်၊ ဝိဇ္ဇမာနပညတ်တွေကို၊
**ဌပေတွာ** - ခွါ၍၊
**ဝိသေသေန** - အထူးအားဖြင့်၊
**ပဿတိ** - ရှုတတ်၏။
**ဣတိ တသ္မာ** - ထို့ကြောင့်၊
**ဝိပဿနာ** - ဝိပဿနာဟု ခေါ်၏။

ဝိပဿနာ ရှုတဲ့ယောဂီဟာ ပညတ်ကို ခွါရမယ်။ ဒီနေ့
ယောဂီတို့က ဝိပဿနာဉာဏ်ကို သွားတော့မယ်ဆိုရင် ပညတ်
ကို ခွါရမယ်။ ပညတ်ကို မဖယ်ဘဲ၊ မခွါဘဲနဲ့ တရားအားထုတ်
လို့ကတော့ တရားဉာဏ် မရဘူး။ သေအောင် တရားကျင့်၊
မရဘူး။ ဒါ 'ဘုရားရဲ့မူ'၊ 'ဘုရားရဲ့စည်းကမ်း'။

ဝိပဿနာတရား အားထုတ်တော့မယ်ဆိုတော့ ပညတ်ကို
ခွါကို ခွါရမယ်။ ပညတ် ပယ်ရမယ်။ ဒီပညတ်ဆိုတဲ့ အဖုံးကြီး
တွေ ကာကွယ်ထားရင် ပရမတ်ဆိုတဲ့ သဘောတရားကို ဉာဏ်
နဲ့ မမြင်နိုင်ဘူး။ ဝိပဿနာဆိုတာ ဉာဏ်အလုပ်။ ပညတ်တွေ
ပယ်ရမယ်ဆိုတာ ဒါ လိုရင်း တိုရှင်းပဲ ပြောမယ်။

ပညတ်ဆိုတာ 'မရှိပညတ်'နဲ့ 'ရှိပညတ်' နှစ်ခုရှိတယ်။

တရားအားထုတ်မယ့် ယောဂီဟာ ဒီအဆင့်တော့ အနည်းနဲ ဒါတွေကို နားလည်ရမယ်။ 'မရှိပညတ်၊ ရှိပညတ်'တဲ့။

## အများပြောအမှန် 'မရှိပညတ်'

“မရှိပညတ်က ဘာလဲ။ ဒီနေ့ သမုတိသစ္စာနယ်မှ အများပြော အမှန်ရှိနေကြတဲ့ ဟောဒီမှာ..။ လူ နတ် ဗြဟ္မ သတ္တဝါ အမေ, အဖေ, ဇနီး, မယား, သမီး, သား, ရေ မြေ, တော, တောင်, ပင်လယ်, သမုဒ္ဒရာ, နေ, လ, နက္ခတ် တာရာ အားလုံးဟာ သမုတိသစ္စာနယ်မှာ အများအပြော အမှ နဲ့ ရှိနေတယ်။ မရှိဘူးလား။”

“ရှိပါတယ်ဘုရား။”

“နေလို့ မခေါ်ဘူးလား။”

“ခေါ်ပါတယ်ဘုရား။”

“ဒါ လောကလူသားတွေက 'နေ'ဆိုတဲ့ ပညတ်ကြီ နဲ့ ခေါ်တာ။ 'နေ'ကို 'လ'လို့ သွားခေါ်ကြည့်ပါလား။ ရ မလား။”

“မရပါဘုရား။”

“လောကသားတွေက ဒီလူ ရူးနေတာလို့ ပြောမယ်။ အများခေါ်ဝေါ် သမုတ်ထားတဲ့ ပညတ်ကြီးသွားပြီး ပြင်လို့ မရဘူး။ ဟုတ်တယ် မဟုတ်လား။”



“ဟုတ်ပါတယ်ဘုရား။”

“အမျိုးသမီးကို အမျိုးသားလို့ သွားခေါ်လို့ ရမလား”

“မရပါဘုရား။”

“ဘယ်ရမလဲ။ ဒါ လောကဝေါဟာရ၊ သမုတိသစ္စာနယ်မှာ အများအပြော အမှန်ရှိနေတဲ့ ပညတ်တရားတွေ။

တချို့က အဖေ မရှိ၊ အမေ မရှိ၊ ဘုရားသွားကန်တော့စရာ မလိုဘူး။ ဒါ ကန်တော့စရာ မလိုဘူး။ ကျောက်ဆင်းတုကြီး၊ ကြေးနဲ့ ထုထားတာကြီး။ ဒါဆို ပညတ်ကို ပယ်တာ မဟုတ်ဘူးလား။ ပညတ်ပယ်ရင် အပါယ်လားတတ်တယ်။ ပညတ်ပယ်ရင်...”

“အပါယ်လားတတ်ပါတယ်ဘုရား။”

“အဲဒါ အပါယ်လားမယ်လို့သာ အောက်မေ့တော့..။ ပညတ်ပယ်ရင် အပါယ်လားတတ်တယ်။ ပညတ်ပယ်ရင်...”

“အပါယ်လားတတ်ပါတယ်ဘုရား။”

“ဝိပဿနာတရား အားထုတ်တဲ့အခါကျရင်တော့ ဒီ ပညတ်တွေကို ပယ်ရမယ်။ ဟုတ်တယ် မဟုတ်လား။ အဲဒါ မရှိပညတ်။ ခေါင်း ခါး ကိုယ် ခြေ လက်တွေက မရှိပညတ်။ လောကမှာ သမုတိသစ္စာနယ်မှာ အများပြော အမှန်၊ ခေါ်နေတာတွေက ပညတ်တွေချည်းပဲ။

## တရားသဘောအမှန် ရှိပညတ်

တရားသဘော အမှန်ရှိတာက ‘ပရမတ္ထသစ္စာ’။ ဘာတွေ
လဲဆိုရင် ဟောဒီမှာ ခန္ဓာ, အာယတန, ဓာတ်, စိတ်, စေ
တသိက်, ရုပ်, နိဗ္ဗာန်။ ဒါက ဘုန်းကြီးတို့ရဲ့ ပရမတ္ထသစ္စ
အနေနဲ့ တရားသဘော အမှန်ရှိတဲ့တရား။ မရှိဘူးလား။”

“ရှိပါတယ်ဘုရား။”

**“စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် လေးတန်ပရမတ်
တစ်ခုဖြတ်၍၊ မဖြစ်နိဗ္ဗာန် ကေန်အမှန်။**

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်၊ လေးတန်ပရမတ်
တရားတွေ။ အဲဒီတော့ ဒါကတော့ စိတ်ပဲ။ ဒါကတော့
စေတသိက်ပဲ။ ဒါကတော့ ရုပ်ပဲ။ ရုပ်မှာလည်း ပထဝီ, တေ
ဇော, အာပေါ, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ အ
ကလာပ်ရုပ် ၈-ပါး။ အားလုံး ပြောရင်တော့ ရုပ် ၂၈-ပါ
ရှိတယ်။ ဒါ ၈,ရုပ်တွေ။ တရားအားထုတ်တဲ့နေရာမှာ အ
ဓမ္မာသရုပ်တွေ ရှုစရာ မလိုပါ။ ဒါက ဘာလဲဆိုရင် ဘုရ
ခေါ်ဝေါ်သမုတ်ထားတဲ့ ပထဝီဓာတ်၊ တေဇောဓာတ်၊ အာပေါ
ဓာတ်၊ ဝါယောဓာတ်။

ဒါက ဘာလဲ၊ ‘ဝေဒနာ’။ ဒုက္ခဝေဒနာ၊ သုခဝေဒနာ
ဥပေက္ခာဝေဒနာ၊ သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ
စသည်ဖြင့် ဝေဒနာ ၁၀၈-ပါး ရှိတယ်။ ဒါတွေ ဘယ်ရှိ



မလဲ။ ဘုရားရဲ့ဉာဏ်တွေပဲ။

အဲဒီတော့ ဒီဘုရား ခေါ်ဝေါ်ထားတဲ့ ဓာတ်တို့၊ ရုပ်တို့၊ ဝေဒနာတို့၊ စိတ်တို့ ဒီဟာတွေ ဘာလဲဆိုရင် **‘ရှိပညတ်’**။ ဘာပညတ်လဲ။”

“ရှိပညတ်ပါဘုရား။”

“ပထဝီလို့ ပြောတာ - ရှိပညတ်၊
အာပေါလို့ ပြောတာ - ရှိပညတ်၊
ဝါယောလို့ ပြောတာ - ရှိပညတ်၊
တေဇောလို့ ပြောတာ - ရှိပညတ်၊
ဝေဒနာလို့ ပြောတာ - ရှိပညတ်၊
စိတ်လို့ ပြောတာ - ရှိပညတ်၊

ဒီ ရှိပညတ်တွေကို ဘုရားရှင်က မဟောရင်၊ ပရမတ် ဟောပါဆိုရင် နှုတ်ပိတ်ယုံ ရှိတယ်။ ပရမတ်စစ်စစ် ဟောဆိုတော့ နှုတ်ပိတ်သွားမယ်။ ပရမတ်ဆိုတာ သဘောပဲ။ ဒီသဘောကို သိဖို့ လိုတာမို့လို့။

ဆိုပါစို့.. ယောဂီတို့ ခန္ဓာက တင်းလာတယ်၊ တောင့်လာတယ်၊ ကျဉ်လာတယ်၊ မဖြစ်ဘူးလား။”

“ဖြစ်ပါတယ်ဘုရား။”

“အဲဒီကျဉ်တယ်၊ တောင့်တယ်ဆိုတာ ဘုရားက ပထဝီ ခေါ်တာပဲ။ ခန္ဓာကိုယ်က ယိုစီးလာတယ်။ ကြပ်ဖွဲ့လာတယ်။

မျက်ဝန်းအိမ်က မျက်ရည်တွေ ကျ။ ချွေးတွေ ဒီးဒီးကျ။ အဲဒါ ယိုစီး- 'အာပေါ' ပဲ။

ပူရှိန်လာတယ်။ တစ်ခါတည်း ခြေမျက်စိတွေ, တင်ပါးတွေ, ရင်တွေ, လက်တွေ ပူလိုက်တာ။ အဲဒါ တေဇောဓာတ်ပဲ။ တစ်ခါတည်းမှပဲ လက်ဖျား ခြေဖျားတွေ အေးလာတယ်။ ဒါလည်း 'တေဇောဓာတ်' ပဲ။ ပူတာက 'ဥဏှတေဇော'၊ အေးတာက 'သီတတေဇော'။ သတ်မှတ်ထားတဲ့ ရှိပညတ်တွေ။ အဲ့ဒါ ရှိပညတ်တွေ။

ဘုရားက ဝိပဿနာ အားထုတ်တော့မယ်ဆိုရင် အဲဒီ ရှိပညတ်တွေကိုလည်း ပယ်ရမယ်။ မရှိပညတ်၊ ရှိပညတ်တွေ ပယ်ရမယ်။

## ဝင်လေ ဝင်မှန်းသိ၊ ထွက်လေ ထွက်မှန်းသိ

ပယ်လိုက်တဲ့အခါကျတော့ ဘာကျန်လဲဆိုရင် သဘောကို ရှု။ သဘောကို ရှုရမယ်။ ဒါကြောင့် ပုဗ္ဗဝေယျ ပါဠိတော်က ဘာပြလဲ..။

**"သစ္စဂယှတိ ပုဗ္ဗဘာဂေ ဘာဝနာယ ပန ဝဓုမာနာယ ပညတ္တိံ သမတိက္ကမိတွာ သဘာဝေ ယေဝ တိဋ္ဌန္တိ။"**

ဒါ ဘုရားရှင် ဟောတဲ့ဂါထာဖြစ်တယ်။

**ပုဗ္ဗဘာဂေ** - ကမ္မဋ္ဌာန်း၏ ရှေ့အဖို့၌၊

**သစ္စဂယှတိ**- ပညတ်အာရုံကို တွေ့ရသည်က မှန်၏။



ယောဂီတို့ တရား,စ အားထုတ်ပြီဆိုတဲ့အခါကျတော့ ဝင်လေသိ ထွက်လေသိ၊ ဝင်လေသိ ထွက်လေသိ။ မပြတ် မလပ် သိ..သိ..။ မသိဘူးလား။"

"သိပါတယ်ဘုရား။"

"အဲဒီ ဝင်လေ ထွက်လေဆိုတာက ပရမတ် မဟုတ်ဘူး။ ပညတ်ကြီး။ ဝင်လေ ထွက်လေက ပရမတ်လား၊ ပညတ်လား။"

"ပညတ်ပါဘုရား။"

"ပညတ် ဟုတ်တယ် မဟုတ်လား။"

"ပညတ်ပါဘုရား။"

"နှာခေါင်းဆိုတာ ပရမတ်လား၊ ပညတ်လား။"

"ပညတ်ပါဘုရား။"

"ယောဂီတို့ရဲ့ ခန္ဓာကိုယ်မှာရှိတဲ့ အာနာပါနနဲ့ ရှုတော့ တိုရှင်း လိုရင်းနဲ့ နှာခေါင်းတို့၊ နှုတ်ခမ်းတို့၊ လေတို့ ဆိုတာ ပညတ်တွေ။ (ဝင်လေ သိ၊ ထွက်လေ သိ)[၂] ။ ဝင်လေဆိုတဲ့ အရှုခံအာရုံ၊ ဝင်လေက ဘာလဲ။"

"အရှုခံအာရုံပါဘုရား။"

"အရှုခံအာရုံ။ ဝင်လေဆိုတဲ့ အရှုခံအာရုံမှာ ပညတ်ပဲ ရှိသေးတယ်။ ဝင်လေဆိုတဲ့ အရှုခံအာရုံက ဘာလဲ။"

"ပညတ်ပါဘုရား။"

"ပညတ်၊ အဲဒီပညတ်ကို ရှုခိုင်းတာ ပထမ။ ဝင်လေသိ ထွက်လေသိ၊ ဝင်လေသိ ထွက်လေသိ၊ ဝင်လေသိ ထွက်လေသိ။ ဝင်လေကို ဝင်လေမှန်း မသိရင် ဘယ်လို သိမှာလဲ။ လေကို လေလို့ သိတယ်လေ။ ဝင်လေ ဝင်မှန်းသိ။ ထွက်လေ ထွက်မှန်း သိတယ်လေ။

## ဝင်လေ ထွက်လေသည် အရှုခံအာရုံ

"ဒီ ဝင်လေ၊ ထွက်လေဆိုတာသည် ဘာလဲ။ အရှုခံအာရုံ။ ဝင်လေ ထွက်လေဆိုတာသည် ဘာလဲ။"

"အရှုခံအာရုံပါဘုရား။"

"အရှုခံအာရုံ။ ဝင်လေ ထွက်လေသည် အရှုခံအာရုံ။ ဝင်လေ ထွက်လေသည် ဝင်လေ မဝင်ခင် သိလို့ ရရဲ့လား"

"မရပါဘုရား။"

"ထွက်လေ မထွက်ခင် သိလို့ ရရဲ့လား။"

"မရပါဘုရား။"

"ဝင်လေ ဝင်ဆဲ သိ၊ ထွက်လေ ထွက်ဆဲ သိ။ ဟုတ်တယ် မဟုတ်လား။"

"မှန်ပါဘုရား။"

"ဝင်လေ ဝင်ဆဲသိ၊ ထွက်လေ ထွက်ဆဲသိ။ သိ..သိဆိုတာ 'ပစ္စုပ္ပန်'။ ဝင်လေ ဝင်ဆဲသိဆိုတာ 'ပစ္စုပ္ပန်'။ ထွက်လေ ထွက်ဆဲသိဆိုတာ 'ပစ္စုပ္ပန်'။ ပစ္စုပ္ပန်နော်။

ဒီ ပစ္စုပ္ပန်ဟာ ပညတ်ပစ္စုပ္ပန်။ ပရမတ်ပစ္စုပ္ပန် မဟုတ်သေးဘူး။ ယောဂီတို့ ဒါ ပရမတ်သဘောကို ဖော်တော့မှာ။ ဉာဏ်ပိုင်းကို သွားတော့မှာဆိုတော့ ဒါ ရှင်းရမှာ။ မရှင်းလို့ မရဘူး။

ရှုနေလို့ကတော့ မရဘူး။ ဘယ်တော့မှ မရဘူး။ ကြိုက်သလောက် ရှု။ အရှုခံအာရုံသည် တခြားလား၊ ဝင်လေထွက်လေလား။"

"ဝင်လေ ထွက်လေပါဘုရား။"

## ဝင်လေ ထွက်လေသည် ပစ္စုပ္ပန် အရှိတရား

"အဲဒီဝင်လေ ထွက်လေကို ရှုဆဲသိ၊ ထွက်ဆဲသိ။ ဝင်လေ ထွက်လေကို ဝင်ဆဲ ထွက်ဆဲ သိနေတယ်ဆိုတော့ ဝင်လေ ထွက်လေသည် ပစ္စုပ္ပန်အရှိတရား။ ဘာလဲ။"

"ပစ္စုပ္ပန် အရှိတရားပါဘုရား။"

"ပစ္စုပ္ပန်ရှိနေတဲ့ ဝင်လေ ထွက်လေကို ရှုစိတ်က မသိဘူးလား။"

"သိပါတယ်ဘုရား။"

"ပစ္စုပ္ပန် အရှိတရားနော်။ ပရမတ် မဟုတ်သေးဘူး။

ရှင်းရဲ့လား။"

"ရှင်းပါတယ်ဘုရား။"

"သဘောပေါက်ရဲ့လား။"

"ပေါက်ပါတယ်ဘုရား။"

"ကောင်းပြီ။ အဲဒီတော့မှ ဝင်လေ ထွက်လေဆိုတဲ့ အရှုခံ။ ပစ္စုပ္ပန် ဝင်ဆဲသိ ထွက်ဆဲသိ၊ ဝင်ဆဲသိ ထွက်ဆဲသိ၊ သိ..သိနဲ့ဆိုတော့ အဲဒီ ဝင်လေ ထွက်လေသည် 'အရှုခံအာရုံ'။ ဝင်လေ ထွက်လေသည် ဘာပါလိမ့်။"

"အရှုခံအာရုံပါဘုရား"။

"အဲဒီ အရှုခံအာရုံဆိုတာ ပရမတ်လား၊ ပညတ်လား"

"ပညတ်ပါဘုရား။"

## အရှုခံအာရုံ နဲ့ ရှုစိတ်

"အဲဒီအရှုခံအာရုံကို ရှုနေတာက စိတ်၊ ဘာနဲ့ ရှုတာလဲ။"

"စိတ်နဲ့ပါဘုရား။"

"အရှုခံအာရုံနဲ့ ရှုစိတ်။ အရှုခံအာရုံနဲ့ ရှုစိတ် ဖြစ်သွားပြီ။"

"ယောဂီတို့က ဝင်လေသိ၊ ထွက်လေသိ၊ ဆက်ကာ ဆက်ကာ သိနေတော့ အဲဒီ ဝင်လေ ဝင်ဆဲကို ထပ်ကာ ထပ်ကာ



သိသိနေတော့ ရှုစိတ်ကလေးက သိနေတော့ အဲဒီမှာ ယောဂီတို့ ယောဂီတို့ရဲ့ ရှုစိတ်မှာ ယောဂီတို့က သဒ္ဓါတွေလည်း ကောင်းလာပြီ၊ သတိလည်း ကောင်းလာပြီ၊ ဝီရိယတွေလည်း ကောင်းလာပြီဆိုရင် ယောဂီတို့ သတိကောင်းတော့ ပေါ်တာ ထင်ရှား။ သတိကောင်းလာတဲ့အခါကျတော့ ယောဂီတို့ရဲ့ နှာသီးဖျားမှာ ဝင်လေ ထွက်လေဆိုတဲ့ အရှုခံအာရုံ မထင်ရှားဘူးလား။"

"ထင်ရှားပါတယ်ဘုရား။"

"ကဲ ဒီတရား အားမထုတ်ခင်က သိလား။"

"မသိပါဘုရား။"

"ဘယ် သိမလဲ၊ အမှုမဲ့ အမှတ်မဲ့ နေတာလေ။ ဟုတ်တယ် မဟုတ်လား။"

"မှန်ပါဘုရား။"

"မွေးကတည်းက ပါလာတဲ့ ဝင်လေ ထွက်လေကို သတိတရားနဲ့ အသိထားပြီး မရှုတော့ ဩော်.. ငါ့နှာခေါင်းထဲမှာ ဝင်လေ တိုးဝင်နေပါလား၊ ထွက်လေ တိုးထွက်နေပါလားလို့ မသိဘူး။ ဘာကြောင့်လဲ။ သတိမထားလို့။ အမှုမဲ့ အမှတ်မဲ့ နေကြလို့ မသိတာ။

မွေးကတည်းက ကိုယ်နဲ့ အနီးကပ်ပါလာတဲ့ နှာခေါင်းထဲမှာ ဝင်တဲ့လေ ထွက်တဲ့လေတောင် မသိဘူး။ ဘာဖြစ်လို့

လဲ။ ဘုရားရဲ့အဆုံးအမတွေနဲ့ တရားတော်တွေကို မနာဘူး
မနာတော့ မသိဘူး။ ဟုတ်တယ် မဟုတ်လား။"

"မှန်ပါဘုရား။"

"ဘုရားရဲ့ အဆုံးအမတွေ နာတယ်။ နာပြီး မသိဘု
လား။"

"သိပါတယ်ဘုရား။"

"သိလည်း သိလိုက်ရော တရားအားထုတ်လိုက်တော့
ဘုရားရဲ့အဆုံးအမတွေလည်း ရသွားရော။ ဝင်လေဟာ နှာသီး
ဖျားလေး တိုးဝင်ပါလား။ ထွက်လေဟာ နှာသီးဖျားလေး တို
ထွက်ပါလား။ အဲဒီတော့မှ ဝင်လေ ထွက်လေကို သိလာတာ
မသိဘူးလား။"

"သိလာပါတယ်ဘုရား။"

"အဲဒီတော့မှ ဝင်လေထွက်လေကို တရားရှုရမှန်း သ
လာတာ မဟုတ်လား။"

"မှန်ပါဘုရား။"

"ဒါ ဘုရားရဲ့ကျေးဇူး၊ ဘယ်သူ့ရဲ့ ကျေးဇူးလဲ"

"ဘုရားရဲ့ကျေးဇူးပါဘုရား။"

"ဘုန်းကြီးတို့ရဲ့ ကျေးဇူးမဟုတ်။ ဘုရားရဲ့ကျေးဇူး
ဘုရားက ဒီတရားတွေ ပြခဲ့လို့ ဘုန်းကြီးတို့လည်း စာသင်



တရားကျင့်၊ သိလာတာ။ ကျေးဇူးတင်ရမယ်။ ဘယ်သူ့ကို
ကျေးဇူးတင်ရမှာလဲ။"

"ဘုရားကိုပါဘုရား။"

"ဘုရားကို ကျေးဇူးတင်ရမယ်။ ဟုတ်တယ် မဟုတ်
လား။"

**သမာဓိ တည်အောင် ရှုခိုင်းတာ**

"ဟုတ်ပြီ.. အဲဒီတော့မှ ရှုလိုက်ပြီ၊ အရှုခံအာရုံပေါ်မှာ
ရှုစိတ်က ရှုလိုက်တဲ့အခါကျတော့ အဲဒီမှာ ယောဂီတို့ သဒ္ဒါ
တွေ ဖြစ်လာတယ်။ အဲဒီမှာ ဝင်လေထွက်လေလေး ထင်ရှား
တော့ သတိဖြစ်လာတယ်။

အဲဒီအချိန်မှာ ဝင်လေထွက်လေကို သိ..သိ..သိနေတဲ့
စိတ်ကလေးသည် အတိတ်ပြန်တွေးစိတ်၊ အနာဂတ် မျှော်တွေး
စိတ်၊ တောင်ရောက် မြောက်ရောက် ဟိုရောက်ဒီရောက် မဖြစ်
အောင် ဝီရိယလေးနဲ့ ထိန်းမထားဘူးလား။"

"ထိန်းထားပါတယ်ဘုရား။"

"ထိန်းထားတော့ စိတ်ကလေးက ဟိုဟိုဒီဒီ ရောက်
သေးလား။"

"မရောက်တော့ပါဘုရား။"

"ဝင်လေပေါ် စိတ်ကလေး တည်မသွားဘူးလား။"

**ပဇာနာတိ** - ပညာနဲ့ ကွဲကွဲပြားပြား သိနိုင်တယ်။

"အားလုံးသော ယောဂီတို့ အရှုခံအာရုံဆိုတဲ့ ဝင်လေထွက်လေမှာ ရှုစိတ်ကလေး တည်ရင် သမာဓိ ဖြစ်မသွားဘူးလား။"

"ဖြစ်သွားပါတယ်ဘုရား။"

"သမာဓိ ဖြစ်သွားတယ်။ သမာဓိ ဖြစ်သွားတဲ့အခါကျတော့ ယထာဘူတဖြစ်တဲ့ အမှန်ဆိုတဲ့ သဘာဝသဘောလေးကို ပညာက အဲဒီမှာ သိလာတယ်။ သမာဓိ မရှိဘဲနဲ့ ဘယ်တော့မှ ပညာက မသိဘူး။

ဘယ်လို သိတာလဲ။ အဲဒီဝင်လေ ထွက်လေကို စိတ်ကလေးက သိသွားပြီဆိုရင် ဝင်လေထွက်လေသည် တွန်းကန်တဲ့သဘောလေးပဲ ရှိပါလား။ ဘာရှိပါလိမ့်။"

"တွန်းကန်တဲ့သဘောလေးပဲ ရှိပါတယ်ဘုရား။"

"ပထမက တွန်းကန်တဲ့သဘောလေး သိတာလား။ ဝင်လေထွက်လေ သိတာလား။"

"ဝင်လေ ထွက်လေ သိတာပါဘုရား။"

"ဝင်လေ ထွက်လေ သိတာ။ ဝင်လေ ထွက်လေ သိရင်းနဲ့ စိတ်တည်ပြီး သမာဓိလည်း ရသွားပြီဆိုရင် အဲဒီမှာ ဝင်လေထွက်လေရဲ့ တွန်းကန်တဲ့သဘောလေးကို၊ လှုပ်ရှားနေတဲ့သဘောလေးကို သိလာတယ်။



## အရှုခံအာရုံ နဲ့ အရှုခံအာရုံရဲ့သဘော

အေး.. အဲဒါ အာရုံရဲ့သဘာဝပဲ။ အရှုခံအာရုံရယ်၊ အရှုခံအာရုံရဲ့ သဘောရယ် တရားအားထုတ်မယ်ဆိုရင် ဒီနှစ်ခု နားလည်ရမယ်။ ဒီနှစ်ခု နားမလည်လို့ကတော့ ဘယ်တော့မှ ပရမတ် မပေါက်တော့ဘူး။ ကြိုက်တဲ့ရိပ်သာ သွားအားထုတ်၊ သမာဓိလောက်နဲ့ ပြန်ရမယ်။

ကဲ- ဘာပြောချင်သေးလဲ၊ သံဃာတော် အရှင်မြတ်များ ဘာများ လျှောက်ချင်ပါသေးလဲ။ သီလရှင်များ၊ အမျိုးကောင်းသား အမျိုးကောင်းသမီးများ အားလုံး မေးပါ။ ဆွေးနွေးပါ။

ဘုန်းကြီးတို့ ပြောတာ ခေါင်းကြီး ငြိမ့်ပြီး 'မှန်ပါ၊ မှန်ပါ လုပ်နေတာ ဘုန်းကြီးတို့ မကြိုက်ပါ။ မေးပါ။ လာပြီး ဆွေးနွေးပါ။ အဲဒီတော့မှ အာရုံနဲ့ အာရုံရဲ့သဘော၊ ဝင်လေထွက်လေဆိုတာသည် အရှုခံအာရုံ။ ဝင်လေ ထွက်လေဆိုတာသည် ဘာလဲ။"

"အရှုခံအာရုံပါဘုရား။"

"အဲဒီ ဝင်လေ ထွက်လေဆိုတဲ့ အရှုခံအာရုံပေါ်မှာ စိတ်ကလေး တည်သွားတော့မှ အာရုံရဲ့သဘောကို သိသွားတယ်။ ဘာလဲ.. တွန်းကန်တဲ့သဘောလေး၊ တွန်းကန်တဲ့သဘောလေးဆိုတဲ့ သဘာဝကို **ပ** - ကွဲကွဲပြားပြား၊ **ညာ** - သိသွားတာသည် '**ပညာ**'ပဲ။ အဲဒီတော့မှ သဘောပေါ် ဉာဏ်

ရောက်သွားပြီ။

ကျေးဇူးရှင် သဲအင်းဂူ ဆရာတော်ဘုရားကြီးက 'သဘော
ဟုတ်မှ လောကုတ်'တဲ့။ အဲဒီ သဘောဆိုတာ ပရမတ်ပဲ။
အဲဒီသဘောလေးက ဘာပါလိမ့်။"

"ပရမတ်ပါဘုရား။"

"ပရမတ်။ အာရုံနဲ့ အာရုံရဲ့သဘော။ ရှင်းရဲ့လား။"

"ရှင်းပါတယ်ဘုရား။"

"အာရုံနဲ့ အာရုံရဲ့သဘော။ ရှင်းရဲ့လား။"

"ရှင်းပါတယ်ဘုရား။"

## အာရုံကို သတိနဲ့ ရှု

"ယောဂီတို့ကို ပထမ ရှုခိုင်းတာ 'အာရုံ'။ အာရုံကို
ဘာနဲ့ ရှုမှာလဲ။ သတိနဲ့ ရှုမယ်။ သတိနဲ့ရှုတော့ အာရုံမှာ
သတိနဲ့ကပ်ပြီး ရှုနေတာ။ သတိကောင်းတော့ အာရုံတွေ
ထင်ရှားတယ်။ စိတ်တည်တယ်၊ ဟုတ်တယ် မဟုတ်လား"

"မှန်ပါဘုရား။"

"အဲဒီအခါကျတော့မှ အာရုံရယ်၊ အာရုံရဲ့သဘောထဲ
ရောက်သွားတော့ မနက်က ဆရာတော်ကြီးတိတ်ခွေထဲမှာ
ဝင်လေထွက်လေ တွန်းကန်တဲ့သဘောလေး၊ သဘာဝလေးပဲ
ဆရာတော်ကြီး မဟောခဲ့ဘူးလား။"



"ဟောခဲ့ပါတယ်ဘုရား။"

"ဝင်လေ ထွက်လေ တွန်းကန်တဲ့သဘောလေး၊ ဆရာ
တော်ကြီးက ပုဂ္ဂိုလ်ရဲ့ စရိုက်ကို ကြည့်ဟောတာ။ အလွန်အမင်း
မောပန်းအောင် ရှုခိုင်းတာ မဟုတ်ဘူး။ အဲဒီတော့မှ အာရုံရဲ့
သဘောလေး၊ တွန်းကန်တဲ့သဘောလေး။ ဝင်လေ ထွက်လေ
မှာ ဘာရှိပါလိမ့်။"

"တွန်းကန်တဲ့သဘောလေး ရှိပါတယ်ဘုရား။"

"အဲဒီ ဝင်လေ ထွက်လေဆိုတာ ဝါယောဓာတ်၊ ဝင်လေ
ထွက်လေဆိုတာ ဘုရားရှင်က ဝါယောဓာတ်လို့ ခေါ်တယ်။
အဲဒီ ဝင်လေ ထွက်လေဆိုတဲ့ ဝါယောဓာတ်မှာ ဘာ သဘော
ရှိသလဲ။ ဘာလက္ခဏာ ရှိသလဲ။ တွန်းကန်တဲ့သဘော ရှိတယ်။
လှုပ်ရှားတဲ့သဘော ရှိတယ်။ ပစ္စည်းတစ်ခု ရွှေ့ကြည့်ပါလား။
တွန်းလိုက်ပါ။ တစ်နေရာသို့ ရောက်မသွားဘူးလား။"

"ရောက်သွားပါတယ်ဘုရား။"

"အဲဒါ ဝါယောပဲ။ ဝါယောက တွန်းလို့ ရောက်သွား
တာ။ မတွန်းရင် ရောက်ပါ့မလား။ မရောက်တော့ဘူး။ ငြိမ်
သွားပြီ။ ဒါကြောင့် အဇ္ဈတ္တက တွန်းတယ်။ ဗဟိဒ္ဓက ကန်တယ်
ဆိုတဲ့ ဒီ တွန်းကန်တဲ့ ဝါယောရဲ့သဘာဝကို သဘာဝအတိုင်း
**ပစ္စက္ခတိ**- ပညာနဲ့ ပိုင်းပိုင်းခြားခြား သိသွားတယ်။

အဲဒီတော့မှ အရှုခံအာရုံရယ်၊ အရှုခံအာရုံရဲ့သဘောရယ်။

အရှုခံအာရုံသည် ပညတ်။ အဲဒီ ပညတ်ကို လေလို့လည်း ခေါ်တယ်။ နှာခေါင်းလို့လည်း ခေါ်တယ်။ ဘုရားက ဘာ ခေါ်ပြန်လဲ။ "**မရှိပညတ်**"။

## သဘောပေါ် ဉာဏ်ရောက်

ဒီ တွန်းကန်နေတဲ့ သဘောတရားလေးက ဘာလဲ။ ဝါယောဓာတ်။ ဝါယောဓာတ်သည် "**ရှိပညတ်**"။ ဝါယောဓာတ်က ဘာလဲ။"

"ရှိပညတ်ပါဘုရား။"

"တရားထိုင်တဲ့ ယောဂီက ဝင်လေ ထွက်လေဆိုတာ ဝါယောဓာတ်ပဲ။ တွန်းတာ ကန်တာ ဝါယောဓာတ်ပဲ။ အဲ့သလို ရှုနေရင် အဲဒီယောဂီ တရားမရတော့ဘူး။ ဘာကြောင့်လဲ။

ဘုရား ခေါ်ဝေါ်သမုတ်ထားတဲ့ ဝါယောဆိုတဲ့ ပညတ်ပေါ်မှာ ရှုစိတ်က သွားပြီး သိနေလျှင် ရှုစိတ်က ဝါယောဓာတ်လို့ သိနေတော့ 'ရှိပညတ်' ပေါ်မှာ သိနေတဲ့အတွက် တွန်းကန်တဲ့ သဘောလေးကို မသိတော့ဘူး။ ရှင်းရဲ့လား။"

"ရှင်းပါတယ်ဘုရား။"

"အဲဒီတော့မှ တွန်းကန်တဲ့သဘောလေး။ တွန်းကန်တဲ့ သဘောလေးကို ပိုင်းပိုင်းခြားခြား ကွဲကွဲပြားပြား သိနေတဲ့ အချိန်အခါမှာ လေလို့ကော မှတ်သေးလား။"



"မမှတ်တော့ပါဘုရား။"

"လေလို့ကော သိသေးလား။"

"မသိတော့ပါဘုရား။"

"ရှူတယ်၊ ရှိုက်တယ်ကော သိသေးလား။"

"မသိတော့ပါဘုရား။"

"နှာခေါင်းကော သိသေးလား။"

"မသိတော့ပါဘုရား။"

"နှုတ်ခမ်းကော သိသေးလား။"

"မသိတော့ပါဘုရား။"

"ခေါင်း ခါး ကိုယ် ခြေ လက်ကော သိသေးလား။"

"မသိတော့ပါဘုရား။"

"ထိုတာ ကျဉ်တာ တောင့်တာ တင်းတာကော သိသေးလား။"

"မသိတော့ပါဘုရား။"

"ဘာကြောင့်လဲ။ သဘောပေါ် ဉာဏ်ရောက်သွားလို့။ သဘောပေါ် ဉာဏ်ရောက်၊ နှာခေါင်းဆိုတဲ့ သဏ္ဌာန်ပျောက်။ သဘောပေါ် ဉာဏ်ဝင်၊ နှာခေါင်းဆိုတဲ့ ပညတ်စင်။ သဘောပေါ် ဉာဏ်ရောက်တော့ သဏ္ဌာန်လည်းပျောက်၊ ဉာဏ်အလင်းပေါက်၊ နိဗ္ဗာန်ကို ရောက်တော့မှာ။

**◆ သဘောပေါ်ဉာဏ်ရောက်၊ သဏ္ဍာန်ပျောက်**
**ဉာဏ်အလင်းပေါက် နိဗ္ဗာန်ရောက်။**

ဟောဒီ အာနာပါနတစ်ခုနဲ့ နိဗ္ဗာန်ကို သွားမှာ။ များများ ရှုနေစရာ မလိုဘူး။ သဲအင်းရှုကွက်။ များများ ရှုနေစရာ မလိုဘူး။ ယောဂီတို့ ဒါက ဉာဏ်ပိုင်းကို သွားတာ။ 'အာနာပါနရှုကွက် ရှုဉာဏ်တက်'။

## နားလည်အောင် သင်ပြပေးရမယ်

ဒီလိုမှန်း မသိဘဲနဲ့ ရှူး ရှူး ရှူး နဲ့ တစ်ခါတည်း တချို့က ခေါင်းတွေ လှုပ်သေးတယ်။ မလှုပ်ရဘူး။ ခေါင်းတွေ ငြိမ်ရမယ်။ လှုပ်တယ်ဆိုတာ စိတ်လှုပ်လို့ လှုပ်တာ မဟုတ်ဘူးလား။"

"မှန်ပါဘုရား။"

"စိတ်လှုပ်တော့ ရုပ်လှုပ် မလာဘူးလား။ အားမရလို့။ တချို့က ဒီလို ရှိသေးတယ်။ စကော်ပူက ဒကာကြီးတစ်ယောက် ရှုတာ ကိုယ်လှုပ်ရှုတယ်။ ဟာ.. ဒကာကြီး ဘာလုပ်တာလဲ။ ရှုနေတာ။ ဟာ.. ဒီလို မလုပ်နဲ့လေ၊ တရားထိုင်တာကြာပြီပဲ။ ဒကာကြီး ဒီလောက်ကြီးထိ မလှုပ်ရဘူး။

သဘာဝဆိုတဲ့ သဘောကို ဘုန်းကြီး ရှင်းပြလိုက်တယ်။ နောက်နေ့ကျတော့ သဘောပေါက်သွားပြီး ငြိမ်သွားတယ်၊ မလှုပ်တော့ဘူး။ ကျေးဇူး အရမ်းတင်သွားတယ်။ ဘာကြောင့်လဲဆိုတော့ နည်းလမ်းကို ညွှန်ပြပေးတဲ့ ဆရာက မပြခဲ့လို့ ဒီလို ဖြစ်သွားတာ။

အဲဒီတော့ ယောဂီတို့က လောကမှာ ပြောတယ်။ တပည့် မကောင်း ဆရာ့ခေါင်း။ ဆရာ မကောင်းလို့ တပည့် မကောင်းတာ။ ဘာတဲ့လဲ။"

"ဆရာ မကောင်းလို့ တပည့် မကောင်းတာပါဘုရား"

"ဒါပဲလေ.. ဘုန်းကြီးပြောတာ မှားလား။"

"မမှားပါဘုရား။"

"မှားရင် အားလုံး ပြုပြင်ကြပါ။ ဒကာမကြီးလည်း ဆရာတင်ပါတယ်။ ကိစ္စမရှိပါဘူး။ ဆွေးနွေးပါ့မယ်။ ဘုန်းကြီးရဲ့ အယူဝါဒတစ်ခု ရှိတယ်။ တပည့် မကောင်းလို့ ဆရာ မကောင်းတာ။ ဆရာ မကောင်းလို့ တပည့် မကောင်းတာ။ ဟာ.. မင်းတို့ကွာ တပည့် မကောင်း၊ ဆရာ့ခေါင်းတဲ့။ တပည့်တွေက မကောင်းတာချည်းပဲ များနေတာ။

ဆရာက မဆုံးမလို့၊ မသွန်သင်လို့ တပည့်က ဘာမှ မသိလို့၊ မပြောတတ်လို့ မကောင်းဖြစ်သွားတာ။ အဲဒါကြောင့် ဆရာက သင်ပေးဖို့ လိုတယ်။ ဟုတ်တယ် မဟုတ်လား။"

"မှန်ပါဘုရား။"

"လောက လူသားတွေဟာ ဒီကနေ့ အတန်းပညာတွေ သင်ကြတယ်။ ဘုန်းကြီးကျောင်း မနေဖူးဘူး။ ဘုန်းကြီးကျောင်း မနေတော့ ဘုန်းကြီးနဲ့ ဆက်ဆံတာ။ သွားတာ လာတာတွေ မတတ်ကြပါ။ မတတ်တော့ သူတို့ ပြောတယ်လေ။ သူတို့ကို အပြစ်မတင်ဘူး။

'ဗျို့..ရှင်..ဗျ...ပြော၊ ပြောတာ ပြော၊ ဘုန်းကြီး ခွင့်လွှတ်တယ်။ သူတို့ နားမလည်ဘူး။ နားမလည်ရင် နားလည်အောင် သင်ပေးရမယ်။ ဟုတ်တယ် မဟုတ်လား။"

"မှန်ပါဘုရား။"

**သဘောပိုင်အောင် ရှုထား**

"အခုလည်းပဲ တရားဟောတယ်။ တရားပြတယ်။ သဲအင်းနည်းနဲ့ အားထုတ်ရင် သဲအင်းနည်းကျကျကို ဘုန်းကြီးမှာ တာဝန်ရှိတယ်။ သညာသိနဲ့လည်း သင်ပေးမယ်။ ဝိညာဏ်သိနဲ့လည်း သင်ပေးမယ်။ သညာသိ၊ ဝိညာဏ်သိ ကျော်ဖြတ်။ မရှိပညတ်၊ ရှိပညတ်ကို ကျော်ဖြတ်။ သဘာဝဆိုက်အောင် ရှုပါ ငါ့တပည့်...။

သဘာဝ၊ သဘောကို ပိုင်သွားရင် ဘယ်သူ လာမေးမလဲ၊ လာမေးပါ။ သဘာဝပေါ်မှာ သဘောပိုင်သွားရင် အဘိဓမ္မာမှာ ဘယ်စာနဲ့ တိုက်မလဲ။ စိတ်, စေတသိက်, ရုပ်။ စိတ် ရှုမလား၊ စိတ်သဘော။ ဝေဒနာ ရှုမလား၊ ဝေဒနာသဘော။ ရုပ်ရှုရင် ရုပ်သဘော။



ဒီသဘောတရားတွေကို အဘိဓမ္မာမှာ ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာဆိုတဲ့ နာမည်, ပညတ်တွေ လုံးဝ မပါဘဲ သဘာဝ ဟောသွားတာ အဘိဓမ္မာတရား။ သုတ္တန်တရားက အမည်နာမ ဟောသွားတာ။ ဒါကြောင့် တရားရှုရင် သဘောပိုင်အောင် ရှု။

ဘုန်းကြီးရဲ့တပည့် မောင်ကေသာဦး တရားပြတယ်။ သူ မိုးကောင်းဓမ္မာရုံမှာ ဘုန်းကြီးနဲ့ တရားအားထုတ်သွားတယ်။ ဘုန်းကြီး စ,ပြီး သင်ပေးတယ်။ သူ (၁၃)နာရီ ထိုင်တယ်။ တိုရှင်း ပြောကြစို့။ မလေးရှား သွားတယ်။ မင်း တရားအသိက သဘောပေါ် ဉာဏ်ရောက်နေပြီ ငါ့တပည့်။ မင်း အပါယ်တံခါး ပိတ်တဲ့အသိဉာဏ် ရပြီ။ ဆရာတော်ကြီး ရှုကွက်နဲ့။

မင်း အဲဒီသဘောသာ ပိုင်အောင် ရှုတော့။ မင်းက ဘုန်းကြီး မဟုတ်ဘူး။ စာမတတ် ပေမတတ်နဲ့။ မင်းခန္ဓာမှာ သိထားတဲ့တရား။ ခန္ဓာမှာ ပိုင်ထားတဲ့ သဘာဝသဘော။ အဲဒီ သဘာဝသဘောကို ဘယ်လို ရှုရတယ်။ မရှိပညတ်၊ ရှိပညတ် ဘယ်လို ပယ်မလဲ။ မင်း သိထားတာ သဘောပေါ် ဉာဏ်ရောက်နေပြီ။

မင်း သိတဲ့တရား မင်းပြ။ အိမ်တွင်းဝိပဿနာတရား

ပြလို့ မိန့်ကြားလိုက်တယ်။ မလေးရှားကနေ ဘုန်းကြီး ညတိုင်း ဖုန်းဆက်တယ်။ ၂၀၁၂-ခုမှာ မဟာပလ္လင် ၂၄-နာ ထိုင်တယ်။ ဆရာတော် တပည့်တော် ၂၄-နာရီ မဟာပလ္လ ထိုင်တယ်တဲ့။ ကောင်းပြီ… ဒါဆိုရင် မင်း အရှုံနဲ့ သွားတ လား။ လွတ်စိတ်နဲ့ သွားတာလား။ သူ့ကို ဒါပဲ မေးလိုက်တယ် (လွတ်စိတ်ပါဘုရား)။

တော်ပြီ… ဒါ မှန်တယ်။ သူ သဘောပိုင်တယ် သဘာဝ ပိုင်ရမှာ၊ သဘာဝ မပိုင်ရင် တရားလည်း မဟောနဲ့ တရားလည်း မပြနဲ့။ မရဘူး။

## သဘောမပိုင်ရင် ဝိပဿနာဉာဏ်တက်လို့ မရနိုင်

ဒါကြောင့် အခု ယောဂီတို့က အရှုံခံအာရုံရယ်၊ အာရုံရဲ့ သဘောရယ် ကွဲပြီးလား။"

"ကွဲသွားပါပြီဘုရား။"

"အရှုံခံအာရုံရယ်၊ အာရုံရဲ့သဘောရယ် ကွဲသွားပြီနော် အရှုံခံအာရုံဆိုတာ ဝင်လေ ထွက်လေ ပညတ်ကြီး။ ဝင်လေ ထွက်လေကို ပါဠိလို ဝါယောလို့ ခေါ်တယ်။ ဝါယောဓာတ် က ရှိပညတ်။ **ပညတ္တိ**- မရှိပညတ်၊ ရှိပညတ်ကို၊ **သမတိက္ကမိတွာ**- ကျော်ဖြတ်ရမယ်တဲ့။

အဲဒီ ဝင်လေဆိုတဲ့ 'မရှိပညတ်'၊ နှာခေါင်းဆိုတဲ့ 'မရှိ ပညတ်'၊ ဝါယောလို့ အများခေါ်ဝေါ်ကြတဲ့ 'ရှိပညတ်' အဲဒီ



နှစ်ခုကို ပယ်ရမယ်။ မရှိပညတ်၊ ရှိပညတ်ကို…

**သမတိက္ကမိတွာ** - ကျော်လွှန်၍၊
**သဘာဝေယေဝ** - သဘောတရား၌သာလျှင်၊
**စိတ္တံ** - ဝိပဿနာရှုနေတဲ့ စိတ်သည်၊
**တိဋ္ဌတိ** - တည်ရမယ်။

သဘာဝဆိုတဲ့ သဘောကို သိကို သိနေရမယ်။ အဲဒီ သဘောကို မရောက်သေးသ၍ကတော့ အားထုတ်ဦး ယောဂီ။ ဘယ်နေရာ၊ ဘယ်ဒေသ၊ ဘယ်ရိပ်သာ အားထုတ်ထုတ် ဒီ သဘာဝကို မပိုင်မချင်းကတော့ ဝိပဿနာဉာဏ် တက်လို့ မရနိုင်ပါ။ ဘယ်တော့မှ ဝိပဿနာဉာဏ် တက်လို့ မရပါ။ ဒါလေးလည်း နားလည်ထားရမယ်။

သဲအင်းယောဂီတွေက ရှုတာလည်း ခေါင်းလှုပ် ရှုတော့ ခေါင်းပြုတ်တော့မယ်၊ ရှုနေကြတာ။ နောက်ဘိတ်ဆုံးကျတော့ မောဟိုက်ပြီး သွားတော့တာပဲ။ အဲဒီတော့ အားလုံး ရှင်းတယ် နော်။ သံဃာတော် အရှင်မြတ်များ၊ သီလရှင်များ၊ အမျိုးကောင်း သား အမျိုးကောင်းသမီးများ ရှင်းပါတယ်နော်။"

"ရှင်းပါတယ်ဘုရား။"

"ဒါ အသေးစိတ်။ ဒီဥစ္စာ တစ်နာရီလည်း ရတယ်။ သုံးနာရီလည်း ရတယ်။ တစ်နေ့လုံးလည်း ဟောလို့ရတယ်။ ဒီ အာနာပါနကနေ ဘုန်းကြီး ဟောသွားမယ်။ ကြွားပြောနေတာ

မဟုတ်ပါ။ ဒါက ဘုရားရဲ့နည်းတွေ။ ဆရာတော်ကြီးကလည်း သင်ပေးထားတာဆိုတော့ စာနဲ့တိုက်ပြီး ဟောသွားလို့ ရတယ်။

ဒါကတော့ လိုရင်း တိုရှင်းပဲနော်။ ယောဂီတို့က ပရမတ် သဘောကို သွားမယ့်ပုဂ္ဂိုလ်တွေဆိုတော့ ဒီလောက်တော့ သိ ထားရမယ်။ မရှိပညတ်၊ ရှိပညတ်ကို ပယ်ရမယ်။ မပယ်ဘဲ နဲ့ ဒီပေါ်မှာ သွားရှုနေလို့ရှိရင် သဘောကို ရောက်ပါ့မလား"

"မရောက်ပါဘုရား။"

"ဒါဖြစ်ရင် အရှူခံက ဝင်လေ ထွက်လေ။ အရှူခံအာရုံ ကို သမာဓိ ရလိုက်တဲ့အခါကျတော့မှ ရှုလိုက်တဲ့အခါကျတော့ ဩော်.. ဒီ အရှူခံဖြစ်တဲ့ ဝင်လေ ထွက်လေမှာ တွန်းကန်တဲ့ သဘောလေး ရှိပါလား။ လှုပ်ရှားတဲ့သဘောလေး သဘော လေးကို သွားမတွေ့ဘူးလား။"

"တွေ့ပါတယ်ဘုရား။"

"အဲဒါမှာ သဘောပရမတ် ပေါက်တာ။ အာရုံရယ် အာရုံရဲ့သဘောရယ် သိပြီလား။"

"သိပါပြီဘုရား။"

**သတိ 'ထား'တာ**

"အဲဒီအခါကျတော့ သတိထားရတယ်။ သတိ ရှိရ တယ်။ သတိထားတာရယ်၊ သတိရှိတာရယ်။ သတိထားတာ



က အာရုံကို ရှုနေတာသည် သတိထားတာ။ ဒီ ဝင်လေ ထွက်လေပဲ သူ ရှုနေတာ။ ယောဂီတို့ သုံးရက်လုံးလုံး မရှု ဘူးလား။"

"ရှုပါတယ်ဘုရား။"

"ဝင်လေသိ၊ ထွက်လေသိ။ ဆက်ကာ ဆက်ကာ သိ, သိ..သိ။ သတိလေး ကပ်ပြီး ဒါလေးပဲ သိနေတာ မဟုတ် ဘူးလား။"

"မှန်ပါဘုရား။"

"ဝင်လေ ထွက်လေဆိုတဲ့ အရှူခံကို ရှုနေတာ မဟုတ် လား။"

"မှန်ပါဘုရား။"

"ဝင်လေသိ ထွက်လေသိ မပြတ်မလပ် သိ၊ ထပ်ကာ ထပ်ကာ သိ၊ ဆက်ကာ ဆက်ကာ သိ..သိ..သိ။ မသိဘူး လား။"

"သိပါတယ်ဘုရား။"

"အာရုံတစ်ခုကို ကပ်ပြီး ရှုနေတာ မဟုတ်လား။"

"ဟုတ်ပါတယ်ဘုရား။"

"အဲဒါသည် ဗျိုင်းရှုနည်း ခေါ်တယ်။ ဘာရှုနည်းပါ လိမ့်"

"ဗျိုင်းရှုနည်းပါဘုရား။"

"ဗျိုင်းတွေ ကြည့်ပါ။ ဗျိုင်းတွေက ကတွတ်ပေါက်မှာ ငါးစောင့်နေတယ်။ ဟိုဘက်လယ်ကွင်းက ငါးလည်း သူ မကြည့်ဘူး။ ဒီဘက် လက်ကွင်းက ငါးလည်း သူ မကြည့်ဘူး။ တည့်တည့်ပဲ ကြည့်တယ်။ အဲဒီမှာ ငါးလေးက အမြီးလေး လှုပ်လှုပ် လှုပ်လှုပ်နဲ့လာရင် သူက ဆတ်ဆို မကောက်လိုက်ဘူးလား။"

"ကောက်လိုက်ပါတယ်ဘုရား။"

"အဲဒါ ဗျိုင်းရှုနည်း။ ဗျိုင်းဆိုတာ သတိထားပြီးတော့ အာရုံတစ်ခုကို စူးစူးစိုက်စိုက် ရှုနေတာ။ ဟုတ်တယ် မဟုတ်လား။"

"ဟုတ်ပါတယ်ဘုရား။"

"အဲဒါ သမာဓိ။ ဗျိုင်းရှုနည်းက သမာဓိ။ ဒါကြောင့် ဆရာတော်ကြီးက အာနာပါန ဝင်လေထွက်လေကို ရှုခိုင်းတယ်။ အာရုံတစ်ခုကို စူးစူးစိုက်စိုက် ရှုတာသည် စာပေနဲ့ပြောရင် ဗျိုင်းရှုနည်း ခေါ်တယ်။ သမထ။ သမာဓိ။ ရှုတာသည် ဘာလဲ သမာဓိ။ ရှင်းပြီလား။"

"ရှင်းပါပြီဘုရား။"

"ဗျိုင်းရှုနည်း။ အာရုံပဲ သူ ရှုနေတာလေ။ အာရုံကို ရှုနေတော့ အာရုံရဲ့သဘော သဘာဝလေး သူ သိပါ့မလား"

"မသိပါဘုရား။"



"အဲဒီအခါကျမှ သတိရှိရမယ်။ သတိရှိတယ်ဆိုတာ သတိလေးနဲ့ကပ်ပြီး သတိလေးနဲ့ စောင့်ပြီးတော့ ပေါ်လာတဲ့ သဘောတရားလေးကို ရှုနေတာ။ မပေါ်ရင် မရှုဘူး။ ပေါ်လာတဲ့ သဘောလေး ရှုတာ။ ဝင်လေ ထွက်လေရဲ့ တွန်းကန်တဲ့ သဘောတရားလေး ဒါလေးကိုပဲ သူ သတိထားနေတာ။

## သတိ 'ရှိ'တာ

အိမ်တွေမှာ ရှိတဲ့ ပင့်ကူ။ ပင့်ကူက အိမ်ဖွဲ့ပြီးတော့ နေတယ်။ နေလိုက်တဲ့အခါကျတော့ အဲဒီပင့်ကူက ဘယ်မှာ နေသလဲ။ သူ့ရဲ့ ကွန်ယက်မှာ ဆိုပါစို့.. ယင်ကောင်လေး တစ်ကောင် လာတယ်။ အဲဒီ ယင်ကောင်လေးဆီကို သွားပြီး၊ ဦးနှောက်လေး ဖောက်စားပြီး သူ ပြန်လာတယ်။ သူက ဘာလုပ်တာလဲ။ သတိ ရှိနေတာ။ သတိထားတာ မဟုတ်တော့ဘူး။ သတိနဲ့ စောင့်နေတာ။ ဟုတ်တယ် မဟုတ်လား။"

"ဟုတ်ပါတယ်ဘုရား။"

"သတိထားပြီး ရှုလို့ ရမလား။"

"မရပါဘုရား။"

"သတိနဲ့ စောင့်နေတာ။ အေး... ဉာဏ်ပိုင်း ရောက်သွားပြီ။ သတိနဲ့ ကပ်ပြီး ဉာဏ်နဲ့ စောင့်ပြီး ကြည့်ရမယ်။ အဲဒီအခါကျတော့ မရှုရတော့ဘူး။ ရှုစရာ လိုသေးလား။"

"မလိုတော့ပါဘုရား။"

"ရှုရင် အတ္တ၊ ပုဂ္ဂလဗျာပါဒ။ မရှုဘဲနဲ့ သူ့သဘော သူ တွန်းကန်နေတဲ့ သဘောလေးက ဓမ္မသဘော သဘာဝ။ ဒါကြောင့် ဆရာတော်က မနက်က ရှုကွက်မှာ ဝင်လေ ထွက်လေ တွန်းကန်နေတဲ့ သဘောလေး။ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား။"

"ဒါက အာနာပါနကို ရှင်းနေတာနော်။ သဲအင်းတရားကြီးက သမထကြီးပါဆိုတာကို ရှင်းပြနေတာနော်။ သမထ လုပ်ရင် သမထ။ ဝိပဿနာလုပ်ရင် ဝိပဿနာ။ ရှင်းတယ်နော်"

"ရှင်းပါတယ်ဘုရား။"

**သတိထားတာရယ်၊ သတိရှိတာရယ် ကွဲပြီလား**

"အဲဒီအခါမှ အာရုံရယ်၊ အာရုံရဲ့သဘောရယ်၊ သတိရှိတာရယ်၊ သတိထားတာရယ် ကွဲမသွားဘူးလား။"

"ကွဲသွားပါတယ်ဘုရား။"

"အဲဒီအခါကျမှ အာရုံရဲ့သဘောလေးကို သိလာတယ်။ ကဲ ကောင်းပြီ... အဲဒီ ဝင်လေထွက်လေ တွန်းကန်တဲ့သဘောလေးထဲမှာ နှာခေါင်းကြီး ပါနေလား။"

"မပါပါဘုရား"

"နှုတ်ခမ်းပါနေလား။"



"မပါပါဘုရား။"

"ခေါင်း ခါး ကိုယ် ခြေ လက် တွေ့သလား။"

"မတွေ့ပါဘုရား။"

"ပုဂ္ဂိုလ် သတ္တဝါရှိလား။"

"မရှိပါဘုရား။"

"တွန်းကန်တဲ့သဘောလေး။ ဆရာတော်ကြီးက တွန်းကန်တဲ့သဘောလေးတဲ့။ အဲဒီ တွန်းကန်တဲ့သဘောလေးက ဘယ်သူ့ရဲ့ လက္ခဏာလဲဆိုရင် ဝါယောဓာတ်ရဲ့လက္ခဏာ။ ဝါယောဓာတ်ကို ရှုတော့မယ်ဆိုရင် သူ့ရဲ့လက္ခဏာကို သိရမယ်။ ကဲ.. လူတစ်ယောက်ကို မှတ်ပုံတင် လုပ်မယ်ဆိုရင် အမှတ်အသားတစ်ခုကို ပြောပြီး မလုပ်ရဘူးလား။"

"လုပ်ရပါတယ်ဘုရား။"

"ဒီလူက ဘယ်နေရာမှာ မှဲ့လေးပါလား။ အဲ့သလို မရှိဘူးလား။"

"ရှိပါတယ်ဘုရား။"

"အေး.. အဲဒီလိုပဲ။ တရားအားထုတ်တဲ့အခါကျတော့လည်း ဝါယောဓာတ် အရှုခံဆိုတာတော့ သိပြီ။ သူ့ရဲ့လက္ခဏာက ဘာလဲ။ တွန်းကန်တဲ့ သဘောလေး။

အခု ယောဂီတို့ ငြိမ်နေတယ်

'ထောက်ခံဝါယော'။ အခု ဘုန်းကြီးက လှုပ်၍ ပြနေသည့် အဲဒါ 'တွန်းကန်ဝါယော'။ မြင်သွားပြီ။ အခု စကား ပြော နေတယ်။ တွန်းကန်ဝါယော မဟုတ်ဘူးလား။"

"ဟုတ်ပါတယ်ဘုရား။"

"ဝါယောဓာတ်မှာ ထောက်ခံတဲ့သဘော၊ တွန်းကန်တဲ့ သဘော ရှိတယ်။ ရှင်းလိုက်တော့ သိမသွားဘူးလား။ ဘာ ခက်ပါလဲ။ ရှင်းလိုက်ရင် လင်းသွားတယ်။ ရှင်းလိုက်ရင်.."

"လင်းသွားပါတယ်ဘုရား။"

"မရှင်းခင်..."

"မလင်းပါဘုရား။"

"ရှုပ်သွားပြီ။ အမယ်ဘုတ်ရဲ့ သူ့ချည်ခင် ဖြစ်သွားပြီ ဟုတ်တယ် မဟုတ်လား။ ဒီချည်ခင် ရှုပ်ထွေး ဘယ်သူ ရှင်း ပါ့မယ်လေး..။ ဘယ်သူ ရှင်းမလဲ။ ကိုယ့်ဟာကိုယ် ရှင်း ဆရာသမားက လာရှင်း မပေးနိုင်ဘူး။ ဒါ ရှင်းနည်း ပြော တာ။ ဟုတ်တယ် မဟုတ်လား။"

"ဟုတ်ပါတယ်ဘုရား။"

"ကောင်းပြီ။ အဲဒီတော့ အာရုံရယ်၊ အာရုံရဲ့သဘော ရယ်၊ သတိထားတာရယ်၊ သတိရှိတာရယ် ကွဲပြီလား။ အဲ တော့ တွန်းကန်တဲ့သဘောလေးကို သိတယ်။ အဲဒီတော့ ရှု



စရာ လိုသေးလား။ အေး.. အဲဒီမှာ ရှုတာ သမာဓိ၊ ရှုတာ ပညာ။ ဆရာတော်ကြီးက ရှုတာ သမာဓိ၊ ရှုတာ ပညာ။

**မဟာကပ္ပိနမထေရ်**

"ယောဂီတို့က ရှုတာ ရှုနေရင်...."

"သမာဓိပဲ ရမှာပါဘုရား။"

"သမာဓိတောင်မှ ဒါ ပြောလို့ မရဘူး။ ဘာကြောင့်လဲ ရုပ်မငြိမ်ဘူး။ မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ ဓကမ္မဝဂ်မှာ ဟော ထားတယ်။ အရှင်မဟာကပ္ပိနမထေရ်ဟာ ပရိသတ်အလယ်မှာ အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်နေရင်း ခန္ဓာကိုယ် တုန်လှုပ် လာတာကို ဘုရားရှင် မြင်တော်မူတဲ့အခါကျတော့ ချစ်သားတို့၊ အရှင်မဟာကပ္ပိနမထေရ်ကို ကြည့်လိုက်ပါ။ သမာဓိ မရှိလို့ လူဘုံအလယ်မှာ တုန်လှုပ်ပြီး နေလိုက်တာ အာနာပါန သတိ နဲ့ မပြည့်စုံလို့ဘဲ။ အာနာပါနသံယုတ်ဖြစ်တဲ့ မဟာဝဂ္ဂသံယုတ် ပါဠိတော်၊ မဟာကပ္ပိနသုတ်မှာ ဟောထားတာ ရှိပါတယ်။

အရှင်မဟာကပ္ပိနမထေရ် တုန်လှုပ်ပြီးနေတာ အဲ့ဒါ သမာဓိ မရှိလို့။ ဘာပြောချင်ပါသေးလဲ ယောဂီတို့...။ လှုပ်ရှုတာက မှန်သလား။

စဉ်းစား၊ စဉ်းစား။ ဘယ့်နှယ်လုပ်မတုံး။ အာနာပါန ရှုနေတာ လှုပ်နေတယ်။ လှုပ်နေတာ သမာဓိ မရှိလို့။ ဟုတ် ကော ဟုတ်ရဲ့လား။"

“ဟုတ်ပါတယ်ဘုရား။”

“သမာဓိရှိသွားရင် ငြိမ်ကိုသွားတာ၊ ကေဂ္ဂတာ သမာဓိရတာ။ စိတ်လှုပ်လို့ ရုပ်လှုပ်လာတာလေ။ အပြင်မှာ ကြည့်လိုက်ပါ။ လေမတိုက်တော့ သစ်ရွက်တွေ ငြိမ်မနေဘူးလား”

“ငြိမ်နေပါတယ်ဘုရား။”

“လေတိုက်တော့ သစ်ရွက်ကလေးတွေ လှုပ်မသွားဘူးလား။”

“လှုပ်သွားပါတယ်ဘုရား။”

“သူ့ဘာသာသူ လှုပ်တာလား။ လေတိုက်လို့ လှုပ်တာလား။”

“လေတိုက်လို့ လှုပ်တာပါဘုရား။”

“ယောဂီတို့ မြင်လား။ (ဆရာတော်က ခပ်ဆတ်ဆတ် ရှူပြနေ) စိတ်ကြောင့် ဝါယော တွန်းတာ။ စိတ္တဇဝါယော တွန်းလိုက်တဲ့အခါကျတော့ ရုပ်ပါသွားတယ်။ မြင်ရဲ့လား”

“မြင်ပါတယ်ဘုရား။”

“ဒါကို သမာဓိ ရတယ်လို့ ပြောရင် လက်မခံဘူး။ ဘုန်းကြီးက လက်မခံတာ မဟုတ်ဘူး။ ဘုရားကကို လက်မခံတာ။ ကဲ.. ဘယ်သူက လက်မခံတာလဲ။”

“ဘုရားက လက်မခံတာပါဘုရား။”



“ဘုန်းကြီးက လက်မခံတာလား။ ဘုရားက လက်မခံတာလား။”

“ဘုရားက လက်မခံတာပါဘုရား။”

## အရိယာက စိတ်ကြည့်တာ

“ဘုရားက လက်မခံတာ။ ဒီနေရာမှာတော့ ပြောမယ်။ တရား စထိုင်ခါစ ယောဂီက ဖြစ်တတ်တဲ့သဘော။ အားမရလို့ သူက ရှူတာ။ ဆရာတော်ကြီးလက်ထက်ကလည်း ရှူတယ်။ (ဆရာတော်က ခပ်ဆတ်ဆတ် ရှူပြ) ရှူပါစေဆိုပြီး လွှတ်ပေးထားလိုက်တယ်။

ဘာကြောင့်လဲဆိုတော့ သူက သဒ္ဓါနဲ့ သွားနေတာ။ အရှူနဲ့ သွားနေတာ။ သွားရင်း သွားရင်း သွားရင်း ရှူရင်း ရှူရင်းနဲ့ အဲဒီ ရုန့်ရင်း ကြမ်းတမ်းတဲ့ အရှူက လျော့ လျော့ လျော့လာပြီ သမာဓိလည်း တည်သွားရော အရင်လို မရှူတော့ဘူး။ ဟုတ်တယ် မဟုတ်လား။

စက်ာပူမှာ ဒကာကြီးတစ်ယောက် ရှိတယ်။ ခဏ ခဏ ပြင်တယ်။ ခဏ ခဏ ပြောင်းတယ်၊ တစ်ခါမှ တရားမထိုင်ဘူးပါ။ မရဘူး။ အဲဒီအခါကျတော့ ဒကာကြီး.. ဒီလိုရှူ။ ဘုန်းကြီး ရှူပြမယ်။ ရှူပါ။ (ဆရာတော်က ရှူပြနေသည်)

အဲ့သလို ရှူပြနေတဲ့အခါကျတော့ vibration တုန်ခါတယ်လေ။ ဟုတ်တယ် မဟုတ်ဘူးလား။ လေဝင်ရင် မတုန်

ခါဘူးလား။ ရှုလိုက်တဲ့အခါကျတော့ မိမိရဲ့ အကြောတွေက
တုန်ခါလာတာပေါ့။

ရှု ဒကာကြီး..။ အားမရဘူး။ ဘာတွေ ဖြစ်လာလဲ
သူလည်း ရှုနေတာပဲ။ အဲဒီအတိုင်း ဘုန်းကြီးလည်း လွှတ်ထား
လိုက်တယ်။ ရှုစမ်းကွာဆိုပြီး.. ရှု ဒကာကြီး။ ပြင်တော့
မပြင်နဲ့။ ရှုတဲ့အသံပေါ်မှာကို ပုဂ္ဂလဗျာပါဒနဲ့ သူ လိုက်နေတာ
အောက်ပိုင်း နာတာ ကျဉ်တာတွေကြည့်ပြီး ဘုန်းကြီးက ရှုပြ
ပေးတယ်။ နောက် သုံးလေးရက် ကြာတော့ ငြိမ်နေတယ်
လှုပ်ပါဆိုလို့တောင် မလှုပ်တော့ဘူး။

ဆရာတော် တပည့်တော် သဘောပေါက်သွားပါပြီဘုရား
တဲ့။ သိသွားပြီတဲ့။ ငြိမ်သွားတယ်။ ပထမ လွှတ်ထားတာ
ဘာကြောင့်လဲဆိုတော့ ရှုခါစ ယောဂီတွေ တရားကြောက်သွား
မှာ စိုးလို့။

ဒါကြီးကို ကြည့်ပြီး သဲအင်းတရားက ရှုး၍ ဦးခွဲလို့
ပြောတာ။ အကြမ်းထည်ကို ကြည့်ပြောတာ။ အချောသတ်တာ
ကို မပြောဘူး။ ပုထုဇဉ်က ရုပ်ကြည့်တာ။ စိတ်ကြည့်တာ
မဟုတ်ပါ။ ကျေးဇူးရှင် သဲအင်းဂူဆရာတော်ဘုရားကြီးက ပြော
တယ်။ ကိုယ်တော်တို့ ပုထုဇဉ်က ရုပ်ပဲ ကြည့်တာ။ အရိယာက
စိတ်ကြည့်တာ။ ဟုတ်ဖူးလား။"

"ဟုတ်ပါတယ်ဘုရား။"



"ယောဂီတို့ လူတစ်ယောက်ရဲ့ အတွင်းစိတ်ကို ကြည့်
တတ်လား။"

"မကြည့်တတ်ပါဘုရား။"

"ဘယ်ကြည့်တတ်မလဲ။ ရုပ်ပဲ ကြည့်တာ။ ရှိစေ..။

## သဘာဝဆိုက်ပြီဆိုတာနဲ့ ရှုစရာမလိုတော့ပါ

အဲဒီတော့ အာရုံရယ်၊ အာရုံရဲ့သဘောရယ်၊ သတိ ထား
တာရယ်၊ သတိ ရှိတာရယ် ကွဲတယ်နော်။"

"ကွဲပါတယ်ဘုရား။"

"အဲဒီတော့ ဒီဝင်လေထွက်လေ တွန်းကန်တဲ့သဘော
လေးကို သိမသွားဘူးလား။"

"သိသွားပါတယ်ဘုရား။"

"ရှုသေးလား။"

"မရှုတော့ပါဘုရား။"

"ဝင်လေ ထွက်လေ တွန်းကန်တဲ့သဘောလေးကို သိ
သွားရင် ယောဂီက သဘာဝဆိုက်သွားတော့ မရှုတော့ဘူး။
ဝင်လေ ထွက်လေ တွန်းကန်တဲ့သဘောလေး။ ဝင်လေ ထွက်
လေ တွန်းကန်တဲ့သဘောလေးက ငါလား။"

"မဟုတ်ပါဘုရား။"

"ဝင်လေ ထွက်လေ တွန်းကန်တဲ့သဘောလေးကို သိနေ

တဲ့ သိတဲ့သဘောလေးက ငါလားရယ်"

"မဟုတ်ပါဘုရား။"

"ဝင်လေ ထွက်လေ တွန်းကန်တဲ့သဘောရယ်၊ သိတဲ့သဘောရယ် ဘယ်နှခုလဲ။"

"နှစ်ခုပါဘုရား။"

"ယောဂီတို့ အာနာပါနမှ ရှုရင် ဝင်လေ ထွက်လေ တွန်းကန်တဲ့သဘောလေးရယ်၊ သိတဲ့သဘောလေးရယ် ဒီသဘောလေး နှစ်ခုပဲ ယောဂီတို့က သိမနေဘူးလား။"

"သိနေပါတယ်ဘုရား။"

"ဒီထက် ဘာပိုသိသေးလဲ။"

"မသိပါဘုရား။"

"ဝင်လေ ထွက်လေ တွန်းကန်တဲ့သဘောက ဝါယောဓာတ်ပဲ။ ရုပ်ပဲလို့ သိရဲ့လား။"

"မသိပါဘုရား။"

"ဘယ် သိမလဲ။ ဝါယောဓာတ်ဆိုတာ ဘုရား ပညတ်ထားတာ။ ရုပ်ဆိုတာ ဘုရား ပညတ်ထားတာ။ သိတတ်တာလေးက စိတ်လည်း ခေါ်တယ်။ ဝိညာဏ်လည်း ခေါ်တယ်၊ နာမ်လည်း ခေါ်တယ်။ သင်္ကာယ ခေါ်တယ်။ သင်္ခါရ ခေါ်တယ်။ ဘုရား သတ်မှတ်ထားတာ။ ဒါတွေ ယောဂီတို့ သိလား"



"မသိပါဘုရား။"

"ဒါ ရှိပညတ်တွေ။ ဒါ သိစရာ မလိုဘူး။ ဟောတရားအနေနဲ့သာ ဆရာတော်တွေ ဟောတာ။ ယောဂီတို့ရဲ့ ရှုကွက်မှာက ရှုလိုက်တာနဲ့ သဘာဝ ဆိုက်ပြီဆိုတာနဲ့ ရှုစရာ မလိုတော့ဘူး။ ဆရာတော်ကြီး၏ မနက်က ရှုကွက်အတိုင်း ဝင်လေ ထွက်လေဟာ တွန်းကန်တဲ့သဘောပဲ။ တွန်းကန်တဲ့သဘောလေးပဲ။

အဲဒီ တွန်းကန်တဲ့သဘောကို သိတာ စိတ်ကလေးက သိတာ။ ငါက သိတာ မဟုတ်ဘူး။ စိတ်ခေါ်တဲ့ နာမ်တရားက သိတာ။ ဝင်လေ ထွက်လေ တွန်းကန်တဲ့သဘောလေးက တစ်ခု။ သိတဲ့ သဘောတရားလေးက တစ်ခုပါလားလို့ ယောဂီတို့ အဲဒီမှာ ကွဲကွဲပြားပြား ပိုင်းပိုင်းခြားခြား သိမလာဘူးလား"

"သိလာပါတယ်ဘုရား။"

## တရားတွေ့တယ်ဆိုတာ အသိပြောင်းသွားတာ

"ဩော်.. ဝင်လေ ထွက်လေ တွန်းကန်တဲ့သဘောလေး။ ဒီ တွန်းကန်တဲ့သဘောလေးကို သိနေတဲ့ သဘောလေး။ ဝင်လေ ထွက်လေက တခြား။ တွန်းကန်တဲ့ သဘောလေးက တခြားလို့ အဲဒီမှာ တစ်ခုတည်း သိတာလား။ နှစ်ခု သိတာလား။"

"နှစ်ခု သိတာပါဘုရား။"

"အဲဒီလို နှစ်ခု ပိုင်းခြား သိတာက ဉာဏ်။ အဲဒီဟာ ယထာဘူတံ။ သမာဓိ ရှိတဲ့အခါကျတော့ ဟုတ်မှန်တဲ့ ရုပ်နဲ့ တွန်းကန်တဲ့ သဘောလေးက တစ်ခု။ တွန်းကန်တဲ့သဘော လေးကို သိတဲ့သဘောလေးက တစ်ခုပါလား။ အဲဒီ နှစ်ခုကို **ပဇာနာတိ**- ကွဲကွဲပြားပြား ပိုင်းပိုင်းခြားခြား သိလာတာ ပညာ ပဲ။ သဘာဝနှစ်ခု ကွဲမသွားဘူးလား။"

"ကွဲသွားပါတယ်ဘုရား။"

"ဘယ်သူ ဘာပြောချင်ပါသေးလဲ။ အဲဒီယောဂီ တရား တွေ့သွားပြီ။ တရား သိသွားပြီ။ အရင်တုန်းက ရှူတယ် ရှိုက်တယ်ဆိုတဲ့ အသိလည်း မရှိတော့ဘူး။ နှာခေါင်းဆိုတဲ့ အသိလည်း မရှိတော့ဘူး။ ခေါင်း ခါး ကိုယ် ခြေ လက် မရှိတော့ဘူး။ ရှိသေးလား။"

"မရှိတော့ပါဘုရား။"

"အဲဒီ အသိအမြင်တွေ ချုပ်သွားပြီး၊ ပညတ်စိတ်တွေ ချုပ်သွားပြီးတော့ တွန်းကန်တဲ့သဘောလေးပဲ၊ သိတဲ့သဘော လေးပဲဆိုတော့ အသိလေး ပြောင်းမသွားဘူးလား။"

"ပြောင်းသွားပါတယ်ဘုရား။"

"တရားအားမထုတ်ခင်က အသိနဲ့ တရားအားထုတ်တဲ့ အသိ တူသေးလား။"

"မတူပါဘုရား။"



"အဲဒီ အသိလေး ပြောင်းသွားတာ ဘာတွေ့တာလဲ"

"တရားတွေ့သွားတာပါဘုရား။"

"တရား တွေ့တယ်၊ တရား သိတယ်ဆိုတာ အသိ ပြောင်းတာ။ ပြောင်းပြီလား။ သံဃာတော် အရှင်မြတ်များ၊ သီလရှင်ဆရာလေးများ၊ အမျိုးကောင်းသား အမျိုးကောင်းသမီး များ အဲဒီအသိကို ပြောင်းပါ။

အရင်တုန်းက သိခဲ့တဲ့ ပညတ်သိ၊ သူသိ ငါသိ ဓမ္မတာ သိ သိနေတဲ့အသိကနေ ပြောင်းသွားတာ။ တရား တွေ့တယ်၊ တရား သိတယ် ခေါ်တာ။ ဟိုလိုကြီး ဒီလိုကြီး ဖြစ်သွားတာ မဟုတ်ဘူး။ ရှင်းရဲ့လား။"

"ရှင်းပါတယ်ဘုရား။"

## သဘောပရမတ်ကို မရောက်ရင် မဂ်မကျ

"အဲဒီတော့မှ အရှုခံ ဝင်လေ ထွက်လေ တွန်းကန်တဲ့ သဘော။ အဲဒီ တွန်းကန်တဲ့သဘောလေးက တရား။ တွန်းကန် တဲ့ သဘောလေးက ဘာလဲ။"

"တရားပါဘုရား။"

"တွန်းကန်တဲ့ သဘောလေးကို တရားလည်း ခေါ်တယ်။ တရားဆိုတာ ဘာလဲ ဓမ္မ။ ဓမ္မဆိုတာ ဘာလဲ။ သဘော။ ရှင်းတယ်နော်။ သဘောဆိုတာ ဘာလဲ။ ဓမ္မ။ ဓမ္မဆိုတာ တရား။ တရားဆိုတာ သဘော။ မှားသွားလား။"

"မမှားပါဘုရား။"

"သိတာလေးကလည်း နာမ်ဓမ္မသိဆိုတဲ့ သဘောလေးကို ဘုရားရှင်က နာမ်လို့ ခေါ်တယ်။ စိတ်လို့လည်း ခေါ်တယ်။ ဝိညာဏ်လို့လည်း ခေါ်တယ်။ အမှန်ရှိလို့ ပရမတ်လည်း ခေါ်တယ်။ သင်္ခါရလည်း ခေါ်တယ်။ သင်္ခါရလည်း ခေါ်တယ်။ ဒါတွေက အများကြီး။ ဘုရားက ဉာဏ်နဲ့ သုံးထားတာ။ တရား ရှုတဲ့နေရာတော့ ဒါတွေ မလာနဲ့။

ဒီတိုင်းသာ ရှုနေရင် ဟာ·· တွန်းကန်တဲ့သဘောက ရုပ်ပဲ၊ ဓာတ်ပဲ၊ ပရမတ်ပဲလို့ စိစစ် ဝေဖန် အဘိဓမ္မာတွေ သင်ပြီးတော့ ရှုနေလို့ကတော့ အဲဒီယောဂီဟာ ဘာဖြစ်သွားသလဲ။

**ဝိဓမ္မာနုပညတ်-** ရှိပညတ်ပေါ်မှာ ရှုစိတ်တွေ သောင်တင်နေတဲ့အတွက်၊ သဘောပရမတ်ကို မရောက်တဲ့အတွက် ဒီပုဂ္ဂိုလ် မဂ်မရဘူး။ ကုသိုလ်တော့ ရတယ်။ အဲဒီစိတ်နဲ့ သေသွားရင် နတ်ပြည်တော့ ရောက်မယ်။ ဒီဘဝတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရဘူး။ ဒါဖြင့်ရင် ယောဂီတို့က အပါယ်လွတ်ရုံ တရားအား ထုတ်တာလား။ နိဗ္ဗာန်ရောက်အောင် တရားထုတ်တာလား။"

"နိဗ္ဗာန်ရောက်အောင် အားထုတ်တာပါဘုရား။"

"နိဗ္ဗာန်ရောက်အောင် အားထုတ်မှာမို့ ပြောနေတာ။



ဒါမှမဟုတ်ရင် လေကုန်ခံပြီး ပြောမနေဘူး။ ဘယ့်နှယ်လဲ ရှင်းလား။"

"ရှင်းပါတယ်ဘုရား။"

## သဘာဝဆိုက်သွားပြီ

"အဲဒီတော့မှ သိဆိုတဲ့ သဘောတရားလေးက ဘာလဲ။ နာမ်ဓမ္မ။ အဲဒီ နာမ်ဓမ္မကို တရားလည်း ခေါ်တယ်။ တရားဆိုတာ သဘော။ သိတယ်နော်။"

"သိပါတယ်ဘုရား။"

"အရှုခံဖြစ်တဲ့ ဝင်လေ ထွက်လေ တွန်းကန်တဲ့သဘောလေးကလည်း သူ့ကို ဘာခေါ်လဲဆိုရင် ရုပ်ဓမ္မ။ ရုပ်ဓမ္မဆိုတာ တရား။ တရားဆိုတာ သဘော။ ရှုတဲ့နာမ်ကလေးကလည်း နာမ်ဓမ္မ။ နာမ်ဓမ္မဆိုတာ တရား။ တရားဆိုတာ သဘော။ ဟော··· ကြည့်စမ်း။ သဘောကို သဘောနဲ့ ရှုနေတယ်။ ငါ ပါရဲ့လား။"

"မပါပါဘုရား။"

"သဘောထဲမှာ ငါ ရှိသလား။"

"မရှိပါဘုရား။"

"အရှုခံသဘောထဲမှာ ငါ ပါသလား။"

"မပါပါဘုရား။"

"အရှုခံသဘောထဲမှာ ငါ ရှိသလား။"

"မရှိပါဘုရား။"

"သိတာလေးကရော ငါလား။"

"မဟုတ်ပါဘုရား။"

"သဘောကို သဘောနဲ့ ရှုတာ။ သဘာဝကို သဘာဝနဲ့ ရှုတာ။ **သဘာဝ**။ **သ**- ထင်ရှားရှိတာ။ **ဘာဝ**- ရှိလို့ဖြစ်တာ။ ခန္ဓာမှာ ဝင်လေ ထွက်လေ ဘာလို့ ရှိရှိနေတာလဲ။ ဖြစ်ဖြစ်နေလို့။ ဘယ်တုန်းက ဖြစ်။ အခု ဖြစ်နေတာ။

ထင်ရှားနေတဲ့ သဘောကို သဘာဝ။ **သ-သံ ဝိဇ္ဇမာန**- ရှိတာ။ **ဘာဝ**- ဖြစ်တာ။ ဘာဖြစ်လို့ ဖြစ်။ ဝင်လေ ထွက်လေ ဘာလို့ရှိ။ ဖြစ်ဖြစ်နေလို့။ ဘယ်တုန်းက ဖြစ်။ အခု ဖြစ်နေတဲ့ ဓမ္မ။ ပစ္စုပ္ပန်။ သိတာလေးကလည်း အခုမှ သိတယ်။ ဒါကြောင့် တရားကို တရားနဲ့ ရှုနေတယ်။ ဓမ္မကို ဓမ္မနဲ့ ရှုနေတယ်။ ရှင်းရဲ့လား။"

"ရှင်းပါတယ်ဘုရား။"

"ငါ ပါလား။"

"မပါပါဘုရား။"

"ပုဂ္ဂိုလ် သတ္တဝါ ရှိလား။"

"မရှိပါဘုရား။"



"အမျိုးသား အမျိုးသမီးတွေ ရှိလား။"

"မရှိပါဘုရား။"

"သံဃာတော် အရှင်မြတ်၊ သီလရှင်တွေ ရှိလား။"

"မရှိပါဘုရား။"

သဘောကို သဘောနဲ့ ရှုတာ။ သဘာဝကို သဘာဝနဲ့ ရှုတာ။ (သဘာဝ ဆိုက်သွားပြီ)[၂]။

- **သဘောပေါ် ဉာဏ်ရောက်၊**
  **ငါ ရှုတယ် ငါရှုက်တယ်ဆိုတဲ့ ဒိဋ္ဌိပျောက်။**
- **သဘောပေါ် ဉာဏ်ဝင်၊ ပညတ်တွေ စင်။**

သဘာဝကို သိသွားပြီ။ သဘောပေါက်သွားပြီ။ မရှုတော့ဘူး။ အဲဒီ သဘာဝကို ပိုင်းခြားသိသွားတာ။ ပညာလေ။ သမာဓိ မရှိဘဲနဲ့ သိပါ့မလား။"

"မသိပါဘုရား။"

"အဲဒီတော့ သဘာဝဆိုတဲ့ သဘောကို သိမသွားဘူးလား။"

"သိသွားပါတယ်ဘုရား။"

**သဘာဝဆိုတဲ့သဘောကို မမြင့်မသိဘဲနဲ့ ဖြစ်ပျက်မမြင်နိုင်**

"အဲဒီ သဘာဝဆိုတဲ့ အရှုခံရဲ့ သဘောလေး ဝင်လေ ထွက်လေ တွန်းကန်တဲ့ သဘောလေး။ အဲဒီ ဝင်လေ ထွက်လေ

တွန်းကန်တဲ့ သဘောတရားလေးက ဖြစ်ပြီးတော့ တည်မြဲနေသလား။ ပျက်သွားသလား။"

"ဖြစ်ပြီးတော့ ပျက်သွားပါတယ်ဘုရား။"

"ဩော်.. ဝင်လေ ထွက်လေ အရှုခံသဘောလေးက ဖြစ်ပြီးတော့ ပျက်သွားပါလား။ အရှုခံက ဖြစ်ပြီးတော့ ပျက်သွားတယ်။ အဲဒီတော့ ဝင်လေထွက်လေကို သိနေတဲ့စိတ်ခေါ်တဲ့ နာမ်တရားလေးကရော ဖြစ်ပြီးတော့ မပျက်ဘူးလား။"

"ပျက်ပါတယ်ဘုရား။"

"အဲဒီ အရှုခံ ဝင်လေထွက်လေ တွန်းကန်တဲ့သဘောလေးနဲ့ ရှုနေတဲ့သိစိတ်လေးသည် ဝင်လေထွက်လေက အရင်ပျက်ပြီးမှ သိစိတ်က နောက်မှ သိတာလား။"

"မဟုတ်ပါဘုရား။"

"တစ်ပြိုင်တည်း။ ဘယ်လိုပါလိမ့်။"

"တစ်ပြိုင်တည်းပါဘုရား။"

"ဝင်လေထွက်လေ တွန်းကန်တဲ့သဘောလေး ဖြစ်တယ်၊ ပျက်သွားတယ်ဆိုတာ ဝင်လေထွက်လေ တွန်းကန်တဲ့သဘောလေးကို သိတဲ့စိတ်ဆိုတဲ့ နာမ်တရားလေးကလည်း တစ်ပြိုင်နက်တည်း ဖြစ်ပြီး တစ်ပြိုင်နက်တည်း ပျက်သွားတယ်။ တစ်ပြိုင်နက်ဖြစ်ပြီး တစ်ပြိုင်နက် ပျက်သွားတာကို ဘယ်သူက



သိလဲ။ နောက်စိတ်က သိတာ။ ဉာဏ်နဲ့ယှဉ်တဲ့စိတ်။ ဒါ ကျေးဇူးတော်ရှင် ဆရာတော်ကြီးရဲ့ ရှုကွက်။ ဒါက သဲအင်းနည်းကို ဘုန်းကြီးက ဖော်ပြတာ၊ ဟောပြတာ။ သဲအင်းဆရာတော်ကြီး ရှုကွက်။ ဒါက အခြေခံ။

ကဲ.. ကောင်းပြီ။ အဲဒီအခါကျတော့မှ ယောဂီတို့ဟာ အရှုခံကလည်း သဘာဝ။ အရှုခံဆိုတဲ့ ဝင်လေ ထွက်လေရဲ့ တွန်းကန်တဲ့ သဘာဝ။ ရှုနေတဲ့စိတ်ခေါ်တဲ့ နာမ်တရားလေးက သဘာဝ။ အရှုခံကလည်း တရား။ ရှုနေတာကလည်း တရား၊ ဟုတ်တယ် မဟုတ်လား။"

"ဟုတ်ပါတယ်ဘုရား။"

"အရှုခံကလည်း ဓမ္မ၊ ရှုနေတာကလည်း ဓမ္မ။

အရှုခံကလည်း သဘော၊ ရှုနေတာကလည်း သဘော။

အရှုခံကလည်း သင်္ခါရ၊ ရှုနေတဲ့ဉာဏ်ကလည်း သင်္ခါရ။ ဝင်လေ ထွက်လေ တွန်းကန်တဲ့သဘောတရားလေးသည် ဖြစ်ပြီး ပျက်မသွားဘူးလား။"

"ပျက်သွားပါတယ်ဘုရား။"

"ဝင်လေ ထွက်လေ အရှုခံတွန်းကန်တဲ့ သဘောတရားလေးက **သင်္ခါရ**။ ပျက်သွားတာက **အနိစ္စ**။ သဘာဝဆိုတဲ့ သဘောကို မမြင် မသိဘဲနဲ့ ဖြစ်ပျက် မြင်ပါ့မလား။"

"မမြင်ပါဘုရား။"

"မမြင်ဘဲနဲ့ ဖြစ်ပျက် ဖြစ်ပျက် ရှုနေရင် လုပ်သိ ဖြစ်ပျက်။ ညွှတ်သိ ဖြစ်ပျက်။ တွေးသိ ဖြစ်ပျက်။ သဘောဖြစ်ပျက် ရောက်ပါ့မလား။"

"မရောက်ပါဘုရား။"

## ဉာဏ်ပိုင်းရောက်ပြီ

"အဲဒီတော့မှ အရှုခံက သဘာဝ။ ရှုနေတဲ့စိတ်ကလည်း သဘာဝ။ အရှုခံကလည်း ဖြစ်ပြီးပျက်နေတဲ့ သင်္ခါရ။ ရှုနေတဲ့ ဉာဏ်ကလည်း သင်္ခါရ။ သင်္ခါရကို သင်္ခါရနဲ့ ရှုနေတာ။

"**သင်္ခါရာဝ သင်္ခါရေဝိ ပဿန္တိ။**"

**သင်္ခါရာဝ** - သင်္ခါရတရားတို့သည်၊
**သင်္ခါရေဝိ** - သင်္ခါရတရားတို့ကို၊
**ပဿန္တိ** - ရှု၏။

သင်္ခါရတရားကို သင်္ခါရတရားက ရှုနေတာ။ ငါ မပါနဲ့။ (ဆရာတော် ရှုပြ) အဲဒါ ငါ ပါသွားပြီ။ ရှုစရာ လိုသေးလား"

"မလိုပါဘုရား။"

"ဉာဏ်ပိုင်း ရောက်ပြီ။ ဉာဏ်ပိုင်း ရောက်တဲ့အခါကျတော့ ရှုတာတွေ မလာရတော့ဘူး။ သဘာဝ ဆိုက်သွားပြီ။ ရှင်းတဲ့နော်။

အဲဒီအခါကျတော့မှ အရှုခံ ဝင်လေထွက်လေ တွန်းကန်



တဲ့သဘောနဲ့ သိတဲ့သဘောတရားလေး တစ်ထပ်တည်း ဖြစ်ပြီး တစ်ထပ်တည်း ပျက်သွားတယ်ဆိုတဲ့အခါကျတော့ အဲဒါ ရုပ်နာမ် တစ်ထပ်တည်း ဖြစ်ပြီး တစ်ထပ်တည်း ပျက်သွားတာကို သိတာက 'နောက်စိတ်-ဉာဏ်' လို့ ခေါ်တယ်။

ကာယဝိညာဏ်နဲ့ ဘယ်တော့မှ မသိနိုင်ဘူး။ မနောဝိညာဏ်နဲ့ သိတာ။ အဲဒီ မနောဝိညာဏ်ကို ရောက်မှ ဝိပဿနာ ဖြစ်တယ်။ မနောဝိညာဏ်သည် ဘာနဲ့ ယှဉ်နေလဲ။ ဉာဏ်နဲ့ ယှဉ်နေတယ်။ အဲဒါကြောင့် သူ့ကို 'ရှုဉာဏ်' လို့ ခေါ်တယ်။ ရှင်းရဲ့လား။"

"ရှင်းပါတယ်ဘုရား။"

## ယောဂီတွေ အစာကြေအောင် ဟောနေရတာ

"အရှုခံက 'သဘာဝ'။ ဖြစ်ပျက်က 'သာမည'။ ထွက်လေဝင်လေပေါ်မှာ သဘာဝနဲ့ သာမည ကွဲမသွားဘူးလား။ ရှုတာ သမာဓိ၊ ရှုတာ ပညာ။ ဘယ်မှာလဲ သဲအင်းနည်းက သမထကြီးလား။"

"မဟုတ်ပါဘုရား။"

"သမထလား။ ဝိပဿနာလား။"

"ဝိပဿနာပါဘုရား။"

"ကဲ.. ဘာများ ဆွေးနွေးချင်ပါသေးလဲ။ ဆွေးနွေးပါ။

ယောဂီတွေ တစ်ခါတလေ ထမင်းစားရင် အစာမကြေဘူး မဟုတ်လား။ အစာမကြေရင် ကောင်းလား။"

"မကောင်းပါဘုရား။"

"အဲဒီအစာမကြေတာက ကိစ္စမရှိဘူး။ burplex ဆေး၊ စားဆေးတို့ စားလို့ ရတယ်။ အသိဉာဏ် အစာမကြေရင်တော့ ဒုက္ခပဲ။ ဟုတ်တယ် မဟုတ်လား။"

"ဟုတ်ပါတယ်ဘုရား။"

"အသိဉာဏ် အစာမကြေရင် ဘာလုပ်မလဲ။ ဆေးထိုးလို့ ရမလား။"

"မရပါဘုရား။"

"သောက်ဆေး သောက်လို့ ရမလား။"

"မရပါဘုရား။"

"ဘယ်ရမလဲ။ သွားပြီ။ ဒါကြောင့် ယောဂီတွေ အစာကြေအောင် ဟောနေရတာ။ အစာကြေသွားပြီလား။"

"ကြေပါပြီဘုရား။"

"အစာမကြေတာ ဘယ်လောက်ကြာပြီလဲ။ ရှင်းပြီနော်"

"ရှင်းပါပြီဘုရား။"

"ဒါ ဘုန်းကြီးက သဲအင်းဂူနည်းပဲ ပြတာ။ သဲအင်းဂူနည်းနဲ့ပဲ သွားတာ။ ခါတ်ကမ္မဋ္ဌာန်း ရှုမလား။ ရုပ်ကမ္မဋ္ဌာန်း ရှုမလား။ ဝေဒနာကမ္မဋ္ဌာန်း ရှုမလား။ အသုဘကမ္မဋ္ဌာန်းနဲ့ အမှုန်တွေ ဖြစ်ပြီးသွားမလား။



ဆရာတော်ကြီးက 'နှာတစ်လက်တည်းနဲ့ ဘယ်တော့မှ ဆေးဆရာ မလုပ်နဲ့ ငါ့တပည့်'တဲ့။ ခေါင်းကိုက်တယ်၊ နှာစေးတယ်ဆိုရင် နှာရှူဆေးနဲ့ ပျောက်သွားနိုင်တယ်။ ဝမ်းသွားနေတဲ့လူမှာ နှာရှူလို့ ရမလား"

"မရပါဘုရား။"

"နှာရှူလို့ ချေတာနဲ့ ဝမ်းထွက်သွားနိုင်တယ်။ ဒါကြောင့် ဆရာတော်ကြီးက အင်မတန် ဉာဏ်ကြီးတော်မူပါတယ်။

## သဲအင်းနည်းကို သိပြီလား

"ဘုန်းကြီး စင်္ကာပူ သွားတယ်။ ယောဂီများက မေးချင်တာ မေးလို၍ အမေးအဖြေ လုပ်ပေးခဲ့တယ်။ ဒကာများက တပည့်တော်တို့ နာရီရှည် ထိုင်တာကြာပြီတဲ့။ ၆-နာရီလည်း ထိုင်တယ်။ အခု နာရီရှည် မထိုင်တော့ဘူးဘုရားဟု လျှောက်ထားတယ်။"

"ဘုန်းကြီးက ဘာဖြစ်လို့တုံး။ ထိုင်ပါ။ ဒကာကြီးတို့ ဟိုတစ်နေ့က နာရီရှည် ထိုင်မယ်ပြောလို့ နာရီရှည် ပြမလို့"

"အဲဒီအခါမှာ ဒကာက မထိုင်တော့ပါဘုရား။ ဆရာတော်တွေ လာတိုင်း နာရီရှည် ထိုင်နေရတာမို့ အရှင်ဘုရားနဲ့

အမေးအဖြေ လုပ်ချင်ပါတယ်တဲ့။"

"ဘုန်းကြီးက မေးပါ၊ ရပါတယ်ဆိုပြီး အမေးအဖြေ လုပ်ပေးခဲ့တယ်။ စာရွက်မှာ ရေးပြီး မေးကြတယ်။ ဘုန်းကြီးလည်း မေးလိုက်တယ်။ ဒကာတို့ ၆-နာရီ နာရီရှည်ထိုင်မယ်ဆိုပြီး ဘာလို့လဲလို့ မေးတော့ ဒကာက နာရီရှည်ထိုင်တာ ခဏ ခဏ ဖြစ်နေပြီလို့ လျှောက်တယ်။"

"ဒါဆို ဒကာတို့ အစာမကြေဘူးနဲ့ တူတယ်။ ဟုတ်တယ် မဟုတ်လား။"

"မှန်ပါ အရှင်ဘုရား။"

"အဲဒီတော့ အခု ဆရာတော်ကြီးနည်းကို သဘောပေါက်ကြပြီလား။"

"ပေါက်ပါပြီဘုရား။"

"သဲအင်းနည်းကို သိပြီလား။"

"သိပါပြီဘုရား။"

"ရှူတာသည် ဘာလဲ။"

"သမာဓိပါဘုရား။"

"ရှုတာသည် ဘာလဲ။"

"ပညာပါဘုရား။"

"ရှူတယ်ဆိုတာ 'ဖျိုင်းရှုနည်း'။ သမာဓိက တစ်နေရာ



တည်း စိုက်ရှုနည်း၊ ဟုတ်တယ် မဟုတ်လား။"

"ဟုတ်ပါတယ်ဘုရား။"

"ပညာက 'ပင့်ကူရှုနည်း'။ အာရုံရယ်၊ အာရုံရဲ့သဘောရယ်၊ သတိထားတာရယ်၊ သတိရှိတာရယ်။ သတိထားတာက ကပ်ပြီး ထားတာ။ သတိရှိတာက စောင့်နေတာ။

သတိပညာနဲ့ စောင့်ပြီးတော့ အဆင်သင့် ဖြစ်နေ။ အဲဒါ ပင့်ကူရှုနည်း။ မနောဝိညာဏ်လေးက မနောဟဒယမှာ ကပ်ရှုနေတာ။

**သဘောတရားတို့သည် သဏ္ဌာန်,အထည်,ဒြပ်,ပုံစံမှ ကင်း၏**

"**ဓမ္မာ နိဿတ္တ နိဇ္ဇီဝ သဘာဝါ**'။

**ဓမ္မာ** - ဝင်လေထွက်လေဆိုတဲ့ တွန်းကန်တဲ့သဘော တရားလေးသည်၊

**နိဿတ္တ** - သတ္တဝါ မဟုတ်ဘူး။

ဒီ ဝင်လေထွက်လေ တွန်းကန်တဲ့ သဘောတရားလေးသည် သတ္တဝါလား။"

"မဟုတ်ပါဘုရား။"

"အဲဒီ ဝင်လေထွက်လေ တွန်းကန်တဲ့သဘောတရားလေးမှာ လူပါလား။"

"မပါပါဘုရား။"

"အမျိုးသား အမျိုးသမီးတွေ့လား။"

"မတွေ့ပါဘုရား။"

"ပုဂ္ဂိုလ် သတ္တဝါ ရှိရဲ့လား။"

"မရှိပါဘုရား။"

"မရှိရင် အတုံးလေး၊ အခဲလေး၊ အမှုန်လေး၊ အမွှားလေး တွေ့ရဲ့လား။"

"မတွေ့ပါဘုရား။"

"တွန်းကန်တဲ့သဘောလေး။

**ဓမ္မာ** - ဝင်လေထွက်လေဆိုတဲ့ တွန်းကန်တဲ့သဘောလေးသည်၊

**နိဿတ္တ** - သတ္တဝါလည်း မဟုတ်ဘူး။

သတ္တဝါဆိုတာ အကောင်ကြီးနဲ့ အထည်ကြီးနဲ့၊ ဟုတ်တယ် မဟုတ်လား။"

"ဟုတ်ပါတယ်ဘုရား။"

"ဒီ ဝင်လေထွက်လေမှာ အကောင်တွေ ရှိသလား"

"မရှိပါဘုရား။"

"နိမိတ်တွေ ရှိသလား။"

"မတွေ့ပါဘုရား။"

"သဏ္ဌာန်ရှိသလား။ အသက်, လိပ်ပြာကော ရှိရဲ့လား"



"မရှိပါဘုရား။"

"**နိဇ္ဇီဝ** - အသက် လိပ်ပြာ မရှိကုန်။ သဘာဝ-သဘောတရားမျှသာတည်း။ ရှင်းတယ်နော်။"

"ရှင်းပါတယ်ဘုရား။"

"**ပရမတ္ထ ဓမ္မာ သဏ္ဌာန ရဟိတာ။**"

**ပရမတ္ထ ဓမ္မာ** - ပရမတ္ထဆိုတဲ့ သဘောတရားတို့သည်၊

**သဏ္ဌာန ရဟိတာ** - သဏ္ဌာန်,အထည်,ဒြပ်,ပုံစံမှ ကင်းကုန်၏။

စာက ဆိုထားတယ်။ ဒါကြောင့် သဲအင်းဂူ ဆရာတော်ဘုရားကြီးက စာမှာ မရှာဘဲနဲ့ ခန္ဓာမှာ ၂၁-လကြာအောင် ရှာလာလို့ သိလာတာက သဘောလေး၊ တွန်းကန်တဲ့သဘောလေး။

### သဘာဝကို သဘာဝအတိုင်း ပညာနဲ့သိ

ဒါအခြေခံပဲ ရှိသေးတယ်။ နောက်မှ ဓာတ်တို့၊ ရုပ်တို့ သေချာ ဟောမယ်။ အဲဒီတော့ အခု ဒီဟာလေးပဲ ရှင်းနေတာ။ သဲအင်းနည်းက သမထကြီးဆိုလို့ ဘုန်းကြီးက အသေးစိတ် ရှင်းနေတာ။ အာနာပါနတစ်ခုတည်း ရှိပါသေးတယ်နော်။ ရုပ်တွေ၊ ဝေဒနာတွေ မလာသေးဘူး။ သဘောပေါက်ရဲ့လား"

"ပေါက်ပါတယ်ဘုရား။"

အဲဒါကြောင့် -

**ဓမ္မာ** - ဝင်လေထွက်လေဆိုတဲ့ တွန်းကန်တဲ့သဘော တရားလေးသည်၊

**နိဿတ္တ** - သတ္တဝါမဟုတ်ဘူး။ လူ ပုဂ္ဂိုလ် မဟုတ်ဘူး။

ဒီ တွန်းကန်တဲ့သဘောတရားလေးပေါ်မှာ သဘာဝကို သဘာဝအတိုင်း ပညာနဲ့ ကွဲကွဲပြားပြား ပိုင်းပိုင်းခြားခြား သိသွားတဲ့အခါကျတော့ သတ္တဝါသိ လာသေးလား။"

"လူလို့ သိသေးလား။"

"မသိပါဘုရား။"

"လူ,သိ ပျောက်မသွားဘူးလား။"

"ပျောက်သွားပါတယ်ဘုရား။"

"ဟင်… လူ,သိ ပျောက်မသွားဘူးလား။"

"ပျောက်သွားပါတယ်ဘုရား။"

"လူဆိုတာကြီးက သဏ္ဌာန်ကြီးနဲ့လေ။ လူမှ မရှိတော့ဘူးဆိုတော့ လူလို့ သိတဲ့အသိ ပျောက်မသွားဘူးလား။"

"ပျောက်သွားပါတယ်ဘုရား။"

"လူလို့သိတဲ့အသိ ပျောက်သွားတော့ အဲဒီလူကို လိုချင်တဲ့ ကပ်ငြိတဲ့တဏှာ ဝင်ခွင့်ရသေးလား။"

"မရတော့ပါဘုရား။"

"မဖြစ်ချင်ဘူးဆိုတဲ့ ဒေါသ ဖြစ်ခွင့်ရသေးလား။"



"မရပါဘုရား။"

"တွန်းကန်တဲ့သဘာဝကို သဘာဝအတိုင်း သိသွားတော့ မောဟဖြစ်ခွင့် ရသေးလား။"

"မရပါဘုရား။"

"ဝင်လေထွက်လေဆိုတဲ့ အရှုခံသဘာဝလေးကို သဘာဝအတိုင်း ပညာနဲ့ ကွဲကွဲပြားပြား ပိုင်းပိုင်းခြားခြား သိနေတဲ့ အချိန်အခါမှာ 'လူ' ပျောက်သွားပြီ။ လူပျောက်သွားတာနဲ့ ပညတ်ကို မှီပြီးဖြစ်နေတဲ့ လောဘ, ဒေါသ, မောဟကိလေသာ ငြိမ်းသွားပြီ။

ကိလေသာ ငြိမ်းသွားပြီ။ ဘယ်မှာ ငြိမ်းသလဲဆိုတော့ ယောဂီတို့ ရှုစိတ်မှာ ငြိမ်းသွားတာ။

## ဉာဏ်က ကိလေသာကို သတ်ပစ်လိုက်တာ

ဒီခန္ဓာကြီးက အသုဘ ဖြစ်မှာ။ ခန္ဓာမှာ ကိလေသာ ငြိမ်းမှာဆိုတာ မှန်တော့မှန်တယ်။ ဒါပေမယ့် ရှုကွက်နဲ့ ပြောရင် ရှုစိတ်မှာ ငြိမ်းတာ။ ယောဂီတို့ရဲ့ ရှုစိတ်မှာ ငြိမ်းတာ။ လူဆိုတဲ့ အသိရှိသေးလား။"

"မရှိတော့ပါဘုရား။"

"လူမှ မသိရင် အဲ့ဒီလူကို လိုချင်တဲ့တဏှာ လာသေးလား။"

"မလာတော့ပါဘုရား။"

"မကြည့်ချင်ဘူးဆိုတဲ့ ဒေါသဖြစ်သေးလား။"

"မဖြစ်တော့ပါဘုရား။"

"တွန်းကန်တဲ့သဘောတရားလေးကို အမှန်အတိုင်း သိနေတော့ မသိမှုလာသေးလား။"

"မလာပါဘုရား။"

"ယောဂီတို့ ရှုစိတ်မှာ လောဘ၊ ဒေါသ၊ မောဟ ယှဉ်ခွင့်ရသေးလား။"

"မရတော့ပါဘုရား။"

"လောဘ၊ ဒေါသ၊ မောဟ ကိလေသာ ချုပ်မသွားဘူးလား။"

"ချုပ်သွားပါတယ်ဘုရား။"

"ဘာကို မြင်လို့ ချုပ်။ တွန်းကန်တဲ့သဘောတရားကို မြင်လို့ ချုပ်တာ။ ငါက မြင်တာလား။ ဉာဏ်က မြင်တာလား"

"ဉာဏ်က မြင်တာပါဘုရား။"

"ဉာဏ်က မြင်လိုက်တဲ့အချိန်အခါမှာ ကိလေသာကို ဉာဏ်က သတ်ပစ်လိုက်တာ။ ရှင်းလား။"

"ရှင်းပါတယ်ဘုရား။"



## ဉာဏ်ဘယ်အချိန်မှာ ဖြစ်သလဲ

"ဉာဏ်ဘယ်အချိန် ဖြစ်သလဲ။ ဉာဏ်ဆိုတာ အတိတ်လည်း မဖြစ်ဘူး။ အနာဂတ်လည်း မဖြစ်ဘူး။ ဉာဏ်ကို ကိုယ်က လုပ်ယူလို့ မရပါ။ ဖန်တီးယူလို့ မရပါ။

ဉာဏ်ဆိုတာ ပစ္စုပ္ပန်။ အာရုံနဲ့ တိုက်လို့ ဉာဏ်ဆိုတာ ပစ္စုပ္ပန်ဖြစ်တဲ့ တရား။ တရားလေး အားထုတ်တာနဲ့ ငါ ဘယ်အချိန် ဉာဏ်ဖြစ်မယ်လို့ မသိနိုင်ဘူး။ တရားအားထုတ်တာလဲ ကြာပြီ။ သညာသိ၊ ဝိညာဏ်သိနဲ့ သံသရာစက်ဝန်း လည်နေတာ။

ဉာဏ်ဆိုတာ ကိုယ်က လုပ်ယူလို့ မရဘူး။ ဘယ်လို ကမ္ဘာ့ဌာန်းဆရာဖြစ်ဖြစ် ဆရာသမားက ဉာဏ်မပေးနိုင်ဘူး။ ပေးတဲ့ဉာဏ်သည် သညာသိ၊ ဝိညာဏ်သိ။

ပဋိဝေဓ ထိုးထွင်းသိလို့ ပစ္စုပ္ပန်ဒိဋ္ဌိ ပြုတ်သွားပြီ။ အစွဲပြုတ်သွားတဲ့အချိန်မှာ ဉာဏ်ဝင်တဲ့အချိန်ပဲ။ ပစ္စုပ္ပန်။ ဉာဏ်ဆိုတာ ပစ္စုပ္ပန်မှာ ဖြစ်တာ။ ဉာဏ်ဘယ်အချိန် ဖြစ်သလဲ။"

"ပစ္စုပ္ပန်မှာပါဘုရား။"

"အတိတ်မှာ ဖြစ်တာလား။"

"မဟုတ်ပါဘုရား။"

"အနာဂတ်မှာ ဖြစ်တာလား။"

"မဟုတ်ပါဘုရား။"

"ပစ္စုပ္ပန်ဆိုတာ ဘာလဲ။ ရှူဆဲလေး၊ ရှူလိုက်တာနဲ့ တစ်ပြိုင်နက် အဲဒီမှာ.. (ဆရာတော်က လက်ခုပ်တီးပြသည်။) ဘာထွက်လဲ။"

"အသံထွက်ပါတယ်ဘုရား။"

"ဒီအသံက ထွက်လာပြီး ဘယ်မှာ ပေါ်သလဲ။ နားမှာ ပေါ်တာ။ အသံဖြစ်တာက တစ်နေရာ။ ပေါ်တာက နားမှာ။ ရှင်းလား။"

"ရှင်းပါတယ်ဘုရား။"

"အသံဖြစ်တာက တစ်နေရာ၊ ပေါ်တာက နားမှာ။ နားရှိတာလား။ အကြည်ပသာဒ ရှိတာလား။"

"အကြည်ပသာဒ ရှိတာပါဘုရား။"

"ဒါ လက်ခုပ်သံလား။ အသံလား။"

"အသံပါဘုရား။"

"အဲဒီအသံက နားနဲ့ သွားတိုက်တာလား။ အကြည်ပသာဒနဲ့ တိုက်တာလား။"

"အကြည်ပသာဒနဲ့ တိုက်တာပါဘုရား။"

"ဩော်.. ဒီအသံဆိုတာ တခြားလား။ ရုပ်လား။"

"ရုပ်ပါဘုရား။"

"နားအကြည် ပသာဒဆိုတာ တခြားလား၊ ရုပ်လား"

"ရုပ်ပါဘုရား။"



"အသံရုပ် နဲ့ အကြည်ရုပ်၊ ရုပ် ရုပ်ချင်းထိတော့ ဘာပေါ်လဲ။"

"ကြားသိစိတ် ပေါ်ပါတယ်ဘုရား။"

"သိစိတ်၊ ကဲ- အဲဒီအသံထဲမှာ ငါရှိလား။"

"မရှိပါဘုရား။"

"သိတာကော ငါလား။"

"မဟုတ်ပါဘုရား။"

"ပစ္စုပ္ပန်မှာ အကြောင်းဆုံလို့ ကြုံကြိုက်လို့ ဆုံတိုက်သွားတဲ့အခါလေး...ဖြစ်ပျက်။ အဲဒီမှာ ထပ်ခနဲ သိလိုက်တာနော်။ ထပ်ခနဲ သိလိုက်တာနဲ့ ထပ်ခနဲ ပျက်သွားပြီ။ သိလိုက်တာ 'ဉာဏ်'ပဲ။

ခန္ဓာ ရှူမယ်။ ပူမှုလေး မပေါ်ဘူးလား။ ပူတာလေး ပေါ်လိုက်တာနဲ့ ပူတဲ့သဘောတရားလေးကို ကြည့်ရင် မရှိတော့ဘူး။ ဒါက ဉာဏ်ပိုင်း ရောက်သွားပြီ။ ပစ္စုပ္ပန်။ ဉာဏ်က ကြိုတင်ပြီးတော့ စောင့်ပြီး ရှူလို့ ရမလား။"

"မရပါဘုရား။"

## ရှူကွက်ထဲမှာ သိရမှာက 'သဘော'

"ခန္ဓာက ပေါ်တာ၊ ဉာဏ်နဲ့ ရှုနေတယ်ဆိုတာ ပြောနေတာ။ မနောဝိညာဏ်နဲ့ ရှုတာ။ ဉာဏ်ဆိုတာ ကိလေသာကို သတ်တာ။ ပစ္စုပ္ပန်ပေါ်တဲ့ ဉာဏ်က ကိလေသာကို သတ်လိုက်

တာ။ ဒီဉာဏ်ကြီးက စောင့်ရှုလို့ မရဘူး။ ဒါ ဘုန်းကြီးတို့က ဥပမာ ဥပမေယျနဲ့ ပြောနေရတာ။ ဉာဏ်ဆိုတာ ပစ္စုပ္ပန်မှာ။ သဘောပေါက်လား။"

"ပေါက်ပါတယ်ဘုရား။"

"**ဓမ္မာ နိဿတ္တ နိဇ္ဇီဝ သဘာဝါ**'။ ဒီလို မရှင်းရင် အစာမကြေဘဲ နေလိမ့်မယ်။ ဟုတ်လား။

- **အောက်ခြေမှာရှုပ်၊ ဉာဏ်မထုတ်၊ ငုပ်တုတ်ခံရမည်။**
  **အောက်ခြေမှာရှင်း၊ ဉာဏ်မလင်း၊ စင်းစင်းခံရမည်။**
  **အောက်ခြေမခိုင်၊ သာခွေယိုင်၊ ငိုင်ကာငေးတော့မည်။**

ကိုယ်က မပိုင်ရင် သူများပြောလည်း ဟုတ်လိမ့်နိုးနိုးနဲ့ သူများ ပြောတိုင်း ယုံနေရတာ။ ဆရာမှန်သမျှ ဒူးထောက်နေရတာ မပိုင်လို့။ ဟိုဆရာ ပြော ဟုတ်လိမ့်နိုးနိုး။ ဒီဆရာ ပြော မှန်နိုးနိုး၊ ဟုတ်နိုးနိုးနဲ့။ အသက်တွေက ကြီး၊ သေလည်း သေခါနီးရော အီး..အဲ..ဂီး..ဂဲ..နဲ့ လာမယ်။ ရှင်းလား။"

"ရှင်းပါတယ်ဘုရား။"

"အဲဒီတော့ ကောင်းပြီ။ ဓမ္မာ- ဓမ္မာဆိုတာ ဘာလဲ။ တရား။ တရားဆိုတာ ဘာလဲ။ သဘော။ ဓမ္မာဆိုတဲ့ သဘောလေး။ ဒါ အာနာပါနရှုကွက်ပဲ ဟောနေတာနော်။ ရုပ်လည်း မပါသေးဘူး။ စိတ်လည်း မပါသေးဘူး။ ဝေဒနာလည်း မပါသေးဘူး။ အဲဒီတော့မှ ဓမ္မာဆိုတဲ့ သဘောတရားလေးသည်၊



တွန်းကန်တဲ့ သဘောတရားလေးသည်..

**နိဿတ္တ** - သတ္တဝါ မဟုတ်ဘူး။
**နိဇ္ဇီဝ** - အသက်၊လိပ်ပြာ၊ဝိညာဏ်လည်း မဟုတ်ဘူး။

တွန်းကန်တဲ့ သဘောလေးကို သိနေတဲ့ 'နာမ်ဓမ္မ'။ ဒီ နာမ်လေးက သိဆိုတဲ့သဘောလေး။ အသိက 'သဘာဝ'။ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်က ဝင်လေထွက်လေ တွန်းကန်တဲ့ သဘောလေးကို သိ..သိ..သိ။ သိတယ် မဟုတ်လား။ အဲဒါ သဘာဝပဲ။ အဲဒီ သိတဲ့သဘောလေးကို ဘုရားရှင်က-

**ဣတိ ဝိညာဏ်** - သိတာကို ဝိညာဏ်လည်း ခေါ်တယ်။
**ဣတိ စိတ္တံ** - စိတ်လို့လည်း ခေါ်တယ်။
**ဣတိ နာမံ** - အာရုံကို ညွတ်သိလို့ နာမ်လို့ခေါ်တယ်။
**သက္ကာယ** - အထင်အရှား ရှိနေတဲ့အတွက် သက္ကာယ လည်း ခေါ်တယ်။
**ပရမတ်** - အမှန်ရှိလို့ ပရမတ်လည်း ခေါ်တယ်။
**သင်္ခါရ** - ဖြစ်ပြီး ပျက်သွားလို့ သင်္ခါရလည်း ခေါ် တယ်။

ဒါက ဘုရားဉာဏ်တွေ...။ ဘုန်းကြီးတို့က ဟောဖို့၊ ယောဂီတို့ ရှင်းဖို့ လင်းဖို့ ဟောတာ။ ဟောတော့ ရှင်းမသွားဘူးလား။"

"ရှင်းသွားပါတယ်ဘုရား။"

"သိမသွားဘူးလား။"

"သိသွားပါတယ်ဘုရား။"

"ရှုကွက်ထဲမှာကျတော့ ဘာသိရမလဲ။ 'သဘော'။ သူများကို ဟောတော့မယ်၊ ပြောတော့မယ်ဆိုရင် အဘိဓမ္မာ သင်တန်း တက်ထားတဲ့ပုဂ္ဂိုလ်တွေက ဒီ သိတဲ့သဘောလေးက '**စိတ်**'ခေါ်တယ်။ '**ဝိညာဏ်**'လည်း ခေါ်တယ်။ အာရုံကို ညွတ် သိလို့ '**နာမ်**'လို့လည်း ခေါ်တယ်။ အထင်အရှားရှိလို့ '**သတ္တာယ**'လည်း ခေါ်တယ်။ အမှန်ရှိလို့ '**ပရမတ်**'လည်း ခေါ်တယ်။ ဖြစ်ပြီးပျက်လို့ '**သင်္ခါရ**'လည်း ခေါ်တယ်။

စာတတ်တဲ့ပုဂ္ဂိုလ်နဲ့ စာမတတ်တဲ့ပုဂ္ဂိုလ် ကွာတယ်။ စာတတ်တဲ့ပုဂ္ဂိုလ်ကတော့ ဥပမာ ဥပမေယျတွေနဲ့ သွယ်ဝိုက်သော နည်းပရိယာယ်တွေနဲ့ ဟောနိုင်တယ် မဟုတ်လား။"

"ဟောနိုင်ပါတယ်ဘုရား။"

"စာမတတ်တော့ ဟောနိုင်ရဲ့လား။"

"မဟောနိုင်ပါဘုရား။"

## တရားတွေ စစ်မှန်၍ ဟောခွင့်ပေး

"ကြည့်လေ.. ကျေးဇူးရှင် သဲအင်းဂူဆရာတော်ဘုရားကြီးက သူ စာမတတ်ဘူး။ ဟောတော့ သူ့ရဲ့ သိတဲ့၊ မြင်တဲ့အတိုင်း ဟောတယ်။ ဟာ.. ကြမ်းလှချည့်လား။ ရမ်းလှချည့်လား။ တရားဟောတဲ့ထဲမှာ ဗျို့..ဗျာ.. မပါဘူးလား။"



"ပါပါတယ်ဘုရား။"

"သဲအင်းဂူဆရာတော်ဘုရားကြီးက တရားဟောတာ ကြမ်းလိုက်တာ။ တရားဟောတာ သိမ်မွေ့ ယဉ်ကျေးမှု မရှိဘူး။ တရားဟောတာ ဗျို့တို့... ဗျာတို့ မပါဘူးလား။"

"ပါပါတယ်ဘုရား။"

"အဲဒီစကားလုံးတွေကြောင့် ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်က ကျိုက္ကလား ဆရာတော်ကြီးက သဲအင်းဂူဆရာတော်ကြီးကို စွဲချက်တင်တယ်။ စွဲချက်တင်တဲ့အခါကျတော့ ဘယ်ရောက်သွားလဲဆိုတော့ နိုင်ငံတော် ဝိနိစ္ဆယကလည်း ဖျက်သိမ်းလိုက်တော့ သဲအင်းဆရာတော်ကြီးကို ကျိုက္ကလား ဆရာတော်တို့အဖွဲ့က တရားစစ်တော့မယ်။ ဒါပေမယ့် နောက်နေ့ကျတော့ ဦးနေဝင်းအစိုးရက နိုင်ငံတော် ဝိနိစ္ဆယခုံရုံး ဖျက်တယ်။ သဲအင်းဂူဆရာတော်ကြီးကို ဒီသံဃာတော်တွေက စွဲချက်တင်တာကို သိလည်း မသိဘူး။ ဖျက်တဲ့အခါကျတော့ ဘယ်ရောက်သွားလဲ။ ခြောက်ထပ်ကြီး ဆရာတော်ဘုရားကြီး ဘုန်းကြီးတို့ရဲ့ ငယ်ဆရာ 'အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏ'ထံသို့ သဲအင်းဂူ ဆရာတော်ဘုရားကြီးက သွားရတယ်။

သွားရတော့ အဲဒီမှာ ကျိုက္ကလားဆရာတော်တို့က အံ့နဲ့ကျင်းနဲ့၊ ကားတွေနဲ့ လာကြတယ်။ သဲအင်းဂူဆရာတော်ကြီးက ကျုံ့ကျုံ့လေး ထိုင်နေတယ်။ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီး

က အခန်းထဲ ခေါ်စစ်တယ်။ အကုန်စစ်ဆေးပြီးတော့မှ ဒီတရားတွေကို တပည့်တော်တို့ မဟောနိုင်ဘူးလို့ လျှောက်ပါတယ်။ ဒီတရားတွေက ဗမာလို ဟောထားတာ။ စာနဲ့တိုက်ရင် အကုန်မှန်တယ်။

ကျိုက္ကလားဆရာတော်တို့ကို ဘာပြောချင်သေးလဲ အရှင်ဘုရားတို့ဆိုတော့ ကိုယ်တော်ကြီးက လူဆိုးကြီးက ဖြစ်တာ။ တရားဟောတာ ဗျို့တွေ၊ ဗျတွေနဲ့ ကြမ်းတယ်၊ ရမ်းတယ်တဲ့။ ဒါပေမယ့် ခြောက်ထပ်ကြီးဆရာတော်ကြီးက သဲအင်းဂူ ဆရာတော်ကြီးရဲ့ တရားတွေက စစ်မှန်တဲ့အတွက် ဟောခွင့်ပေးပါတယ်တဲ့။ 'မဂ်လေးပါးစာအုပ်' တွေ့ဖူးလား။"

"တွေ့ဖူးပါတယ်ဘုရား။"

"အဲဒီလို ဆရာတော်ကြီးတွေက သဲအင်းဂူဆရာတော်ဘုရားကြီးကို စွဲချက်တင်တဲ့အခါ အဲဒီ မဂ်လေးပါးစာအုပ်ပါးပါးလေးရယ်။ အဲဒီ မဂ်လေးပါးစာအုပ်သည် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်တဲ့တရား။ အကုန်လုံး ကျင့်စဉ်တွေ ပါတယ်။

အဲဒီမှာ ကာယ, ဝေဒနာ, စိတ္တ, ဓမ္မကျင့်စဉ်၊ မဂ်လေးပါး ကျင့်စဉ်၊ တော်တော် ကောင်းတယ်။ အဲဒီမှာ ခြောက်ထပ်ကြီးဆရာတော်ဘုရားက 'အရှင်ဘုရား ဟောတော့'တဲ့၊ ထောက်ခံပေးပါတယ်။ အဲဒီအချိန်ကစပြီး သဲအင်းဂူဆရာတော်ဘုရားကြီးလည်း တရားဟောတယ်။

## ရဟန္တာဆိုတာ ဝသီဘော်မစွန့်

အဲဒီတုန်းကတော့ ဘုန်းကြီးတို့လည်း မသိသေးပါ။ နောက်စာပေတွေ လေ့လာတဲ့အခါကျတော့ တို့ဆရာတော်ကြီးက ဗျို့ဗျ ပြောတယ်။ ထေရီထေရာအပါဒါန်တွေမှာ ရဟန္တာတွေအကြောင်း ဖတ်ရတော့ အဲဒီမှာ 'ပိလိန္ဒဝစ္ဆ'ဆိုတဲ့ မထေရ်ကြီးတစ်ပါး ရှိတယ်။ အဲဒီ ပိလိန္ဒဝစ္ဆမထေရ်ကြီးက သာမညပုဂ္ဂိုလ် မဟုတ်ပါ။ သူလည်း ဧတဒဂ်ရတယ်။ သူ့မှာ တန်ခိုးရှိတယ်။

တစ်နေ့သောအခါကျတော့ လူတစ်ယောက်က ပိတ်ချင်းသီးတွေ ရောင်းဖို့ လှည်းကြီးပေါ် တင်လာတယ်။ ဈေးထဲမှာ မနက်စောစော ရောင်းဖို့လာတဲ့အချိန် မထေရ်ကြီးနဲ့ သွားတွေ့တယ်။ ဟေး..သူယုတ် မင်းခွက်ထဲက ဘာတွေလဲကွ။ စဉ်းစားကြည့်ပါ။ ဟေး.. သူယုတ်၊ မင်းခွက်ထဲ ဘာတွေလဲဆိုတော့ ဒီစကားက ကြမ်းမသွားဘူးလား။"

"ကြမ်းသွားပါတယ်ဘုရား။"

"အိန္ဒိယနိုင်ငံဆိုတာ ဒိဋ္ဌမင်္ဂလာ ယူတဲ့နိုင်ငံ။ အဲ့သလို မင်္ဂလာယူတဲ့ ယဉ်ကျေးမှုရှိနေတဲ့ နိုင်ငံမှာ မနက်စောစော "ဟေး..သူယုတ် မင်းခွက်ထဲက ဘာတွေလဲကွ" လို့ မေးလိုက်တော့ နားထောင်လို့ ကောင်းလား။"

"မကောင်းပါဘုရား။"

"ဒကာကြီးတို့ကို မနက်စောစော ပေး..သူယုတ်လို့ ခေါ်ရင် ကြိုက်မလား။"

"မကြိုက်ပါဘုရား။"

"သဘောပြောပြတာနော်။ မင်္ဂလာရှိတဲ့ နံနက်ခင်းမှာ ဒီကိုယ်တော်ကြီးက ငါ့ကို 'သူယုတ်'လို့ ခေါ်တယ်။ စိတ်တို ပြီးတော့ 'ကြွက်ချေးတွေဘုရား၊ ကြွက်ချေးတွေ'လို့ ဖြေလိုက် တော့ မထေရ်ကြီးက မင်းက ကြွက်ချေးဆိုတော့လည်း ကြွက် ချေးပေါ့လို့ ဆိုလိုက်တယ်။ တကယ့်ကို ကြွက်ချေးတွေ ဖြစ် သွားတယ်။ အဲဒီအချိန်မှာ သူ စိတ်ညစ်သွားပြီး သူငယ်ချင်းကို ပြောပြတယ်။

ကြည့်စမ်းကွာ.. ရဟန်းတစ်ပါး ငါ့ကို 'သူယုတ်'လို့ ခေါ်ပြီး ဘာတွေလဲ မေးတာနဲ့ ငါလည်း စိတ်ဆိုးပြီး ကြွက်ချေး တွေလို့ ဖြေလိုက်တာ အားလုံး ကြွက်ချေးတွေ ဖြစ်သွားတယ်။ သူငယ်ချင်းက အဲဒါ ရဟန္တာကြီး၊ မလုပ်နဲ့။ သွားတောင်းပန် လိုက်ဆိုလို့ သွားတောင်းပန်တယ်။ မှန်လှပါ။ တပည့်တော် မှားပြောမိပါတယ်ဘုရား။ ပိတ်ချင်းသီးတွေပါဘုရားဆိုတော့ အေး.. မင်းက ပိတ်ချင်းသီးလို့ဆိုတော့လည်း ပိတ်ချင်းသီး ပေါ့ဆိုပြီး၊ ပိတ်ချင်းသီး ပြန်ဖြစ်သွားတယ်။

... မဟုတ်ဘူး။ ရဟန္တာ



ဆိုတာ ဝသီဘော် မစွန့်ဘူး။ 'သူယုတ်'လို့ ခေါ်တဲ့ အသံနဲ့ သဲအင်းဂူဆရာတော်ကြီးရဲ့ 'ဗျို့.. ဗျ' ဘယ်ဟာက ပိုကြမ်း ပါသလဲ။"

"သူယုတ်လို့ ခေါ်တဲ့အသံက ပိုကြမ်းပါတယ်ဘုရား"

"အနိုင်ယူချင်လို့ ပြောတာ မဟုတ်ပါ။ ကိုယ့်ဆရာ သမားအပေါ် ဝေဖန် သုံးသပ်လို့ ပြောပြတာပါ။ ဆရာသမား က ကိလေသာ ကင်းစင်တဲ့ သဲအင်းဂူဆရာတော်ကြီး ပကတိ သာဝက။ မထေရ်ကြီးက မဟာသာဝက။ ဧတဒဂ်ရတဲ့ မထေရ် ကြီးတောင် ဒီလို ပြောသေးတယ်။ ဒါတင် မဟုတ်သေးဘူး၊ ရှိပါသေးတယ်။

## ဝါသနာကို ဘုရားရှင်မှသာ စွန့်နိုင်

ရှင်သာရိပုတ္တရာမထေရ်ကြီးကို ဒကာတစ်ယောက်က သင်္ကန်းကပ်ဖို့ ပင့်တယ်။ မြောင်းတွေ့တော့ ရှင်သာရိပုတ္တရာ မထေရ်ကြီးက ခုန်ပြီး ကူးတယ်။ ဟင်.. ဒါရဟန္တာလား။ ရဟန္တာကလည်း မျောက်လိုပဲ ခုန်နေတယ်။ တော်ပြီ.. ငါ သင်္ကန်း နှစ်စုံပဲ လှူတော့မယ်။ နောက်တစ်ခါ မြောင်းတွေ့ တော့ ခုန်လိုက်ပြန်တော့ ဟာ.. တယ်ဆိုးလှချည့်လား။ ဒီ ရဟန္တာကလည်း ဣန္ဒြေမရှိ၊ သိက္ခာမရှိ၊ မျောက်လိုပဲ ခုန်နေ တယ်။ ငါ သင်္ကန်းတစ်စုံပဲ လှူတော့မယ်လို့ တွေးနေတယ်။ နောက်တစ်ခါ မြောင်းလည်း တွေ့ရော ရှင်သာရိပုတ္တရာကိုယ်

တော်မြတ်ကြီးက ဖြည်းဖြည်းလေး ကူးလျှောက်သွားတယ်။

ဒကာက မေးလျှောက်တယ်။ အရှင်ဘုရား.. ပထမ မြောင်းမှာ ခုန်တယ်။ ဒုတိယတစ်ကြိမ်မှာလည်း ခုန်တယ်။ ဒီ မြောင်းကျဉ်းကျဉ်းလေးရောက်မှ ဘာဖြစ်လို့ မခုန်တာပါလဲ ဘုရားဆိုတော့ ဒီတစ်ကြိမ်ခုန်ရင် သက်န်းတစ်စုံမှ မရဘဲ ဖြစ်သွားမှာပေါ့လို့ ဖြေတယ်။ ရဟန္တာမှန်း သိသွားတယ်။ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးဟာ ဘုရားပြီးရင် စကြဝဠာမှာ ရှာတဲ့ မိုးစက်မိုးပေါက်တွေ ရေတွက်နိုင်တယ်။ အဲ့သလောက်ထိ ပညာအရာမှာ ကြီးတယ်။ အဂ္ဂသာဝကကြီး မြောင်းခုန်တယ်။ ဘဝပေါင်းများစွာ ဒီနေရာမှာ မျောက်ဖြစ်ခဲ့ဖူးတဲ့ သူ့ရဲ့ ဝသီဘော်၊ သူ့ရဲ့ဉာဉ်။ ဝသီဘော်, ဉာဉ်ဆိုတဲ့ ဝါသနာကို ဘုရားရှင်မှပဲ စွန့်နိုင်တယ်။

ကျေးဇူးရှင် သဲအင်းဂူဆရာတော်ဘုရားကြီးက 'ဗျို့..ဗျ' ဆိုတာ အရှင်ဘုရားတို့ စဉ်းစားကြည့်ပါ။ ဒီ အဂ္ဂသာဝကကြီးတွေ၊ မဟာသာဝကကြီးတွေတောင်မှ ဝသီဘော်ဉာဉ်ကို မစွန့်နိုင်တာ။ သဲအင်းဂူဆရာတော်ဘုရားကြီး မစွန့်နိုင်တာ ဘာမှ မဆန်းပါ။ ဒါကိုသွားပြီး အပြစ်ပြောလို့ မရဘူး။ ဟုတ်တယ် မဟုတ်လား။"

"မှန်ပါ အရှင်ဘုရား။"

"စာပေသိတဲ့ပုဂ္ဂိုလ်တွေ၊ စာပေ နှံ့စပ်တဲ့ပုဂ္ဂိုလ်တွေ



ဘယ်တော့မှ မလုပ်ဘူး။ သိလျက်သားနဲ့ အပြစ်ပြောတယ်ဆိုရင် ဒါဟာ မနာလိုတာ ဖြစ်သွားပြီ။ ဟုတ်တယ် မဟုတ်လား"

"မှန်ပါတယ်ဘုရား။"

## သဲအင်းယောဂီ ကိုယ့်စိတ်ကိုယ်စစ်

"တစ်ခါတုန်းက ဘုရားရှင်လက်ထက်မှာ ရဟန်းတစ်ပါး ကျိန်းနေတဲ့အခါကျတော့ နွားများလို စားမြုံ့ပြန်တယ်။ အဲဒီအခါကျတော့ ရဟန်းတွေက သိတယ်။ နေ့ခင်းက စားထားတဲ့ အစာတွေကို အသံထွက်ပြီး ပြန်ဝါးစားနေတယ်။ ဘုရားက ချစ်သားတို့.. သူက နွားဘဝက လာတာ။ အထုံပါလာတာ။ နွားဘဝက လာတော့ စားမြုံ့ပြန်တယ်။ ကဲ အပြစ်ဖြစ်လား။ ဘုရားက အပြစ်မတင်ဘူး။ အာပတ်မသင့်ဘူး။ နွားဘဝပေါင်းများစွာက ဖြစ်လာတဲ့အတွက်၊ ဒီ ဉာဉ်ရှိနေတဲ့အတွက် သူ နွားလိုပဲ စားမြုံ့ပြန်နေတယ်။ ဒီစားမြုံ့ပြန်တာ အကုသိုလ်လား"

"မဟုတ်ပါဘုရား။"

"အကုသိုလ် မဟုတ်ဘူး။ သူယုတ်လို့ ပြောတာ အကုသိုလ်လား။"

"မဟုတ်ပါဘုရား။"

"ဒါကို ယောဂီတို့ နားလည်ရမယ်။ ဆရာသမားတွေ၊ ဘုန်းကြီးတွေကို ကြည်ညိုတဲ့အခါမှာ ရုပ် သွားစစ်မနေနဲ့။ ရုပ်စစ်ပြီး ဝေဖန်တဲ့အခါကျတော့ အရိယာပုဂ္ဂိုလ် ဖြစ်မှားမယ်ဆိုရင်

တရားမကျင့်နဲ့တော့။ မရတော့ဘူး။ ဒါကြောင့် ဆရာတော်ကြီးက ဘာပြောလဲဆိုရင် "သဲအင်းယောဂီ ကိုယ့်စိတ် ကိုယ်စစ်"၊ "သဲအင်းယောဂီ ကိုယ့်စိတ်ကိုယ်စစ်"။

မပြောခင်လည်း စိတ်ကို စစ်ရမယ်။ ပြောနေစဉ်လည်း စိတ်ကို စစ်ရမယ်။ ပြောပြီးရင်လည်း စိတ်ကို စစ်ရမယ်။ သဲအင်းယောဂီ ရှေ့စိတ်ကို နောက်စိတ်နဲ့ စစ်ပါ။ ကိုယ့်စိတ်ကို စစ်နေရင် ပြောမှား ဆိုမှား ဖြစ်ပါ့မလား။"

"မဖြစ်ပါဘုရား။"

"ဘယ်ဖြစ်မလဲ။ ဒီစကားက ဆရာတော်က စာကြည့်ပြီး စာတတ်လို့ ဟောတာ မဟုတ်ပါ။ ရာဟုလာ ခုနစ်နှစ်သားလေးကို ဘုရားရှင်က ချစ်သား ရာဟုလာ… စကား မပြောခင်လည်း ဆင်ခြင်၊ ပြောနေရင်းလည်း ဆင်ခြင်၊ ပြောပြီးတော့လည်း ဆင်ခြင် ချစ်သားလို့ ဘုရားက ဆုံးမတယ်။ သဲအင်းဂူဆရာတော်ကြီးက ဘုရားဆုံးမတာနဲ့ ကိုက်ညီရဲ့လား။"

"ကိုက်ညီပါတယ်ဘုရား။"

"စာမတတ်ပေမယ့် အရိယာတို့စိတ်က သူများအပြစ်ကို မရှုပါ။ ကိုယ့်အပြစ် ကိုယ်ရှုတယ်။ သူများစိတ် မစစ်နဲ့။ သူများစိတ်စစ်ရင် သူများစိတ်ပဲ သိမယ်။ ကိုယ့်စိတ် သိပါ့မလား"

"မသိပါဘုရား။"

"သူများအပြစ်တွေ လျှောက်သိနေရင် ကိုယ့်အပြစ် သိ



ပါ့မလား။"

"မသိပါဘုရား။"

"ရှင်းတယ်နော်။"

"ရှင်းပါတယ်ဘုရား။"

"ဒါလေးတွေကို ကြားဖြတ် ပြောတာပါ။

**ဗုဒ္ဓတရားတော်မှာ အသက်၊ဝိညာဉ်၊လိပ်ပြာ မရှိ**

"**ဓမ္မာ နိသ္သတ္တ နိဇ္ဇီဝ**။"

**ဓမ္မာ** - ဝင်လေထွက်လေဆိုတဲ့ တွန်းကန်တဲ့သဘောလေးသည်၊

**နိသ္သတ္တ** - သတ္တဝါ မဟုတ်၊

ဉာဏ်ပိုင်း ရောက်သွားပြီ။ ဒီ သိနေတဲ့ သိတဲ့သဘောတရားလေးသည်…

**နိဇ္ဇီဝ** - အသက် ဝိညာဉ် လိပ်ပြာ မဟုတ်ဘူး။

**ဓမ္မာ** - သိ..သိ..သိ ဆိုတဲ့ သိတတ်တဲ့ သဘောတရားလေးက အသက်လား။"

"မဟုတ်ပါဘုရား။"

"ဝိညာဉ်လား။"

"မဟုတ်ပါဘုရား။"

"လိပ်ပြာလား။"

"မဟုတ်ပါဘုရား။"

"ဒါဖြင့်ရင် ကြည့်။ လူသေရင် သင်္ချိုင်းကုန်းလာတယ်။ လူသေကိုယ်စား သစ်ကိုင်းလေးတို့၊ ခဲလေးတို့ ယူမလာဘူးလား။"

"လိပ်ပြာ ရှိရဲ့လား။"

"မရှိပါဘုရား။"

"ဝိညာဏ် ရှိရဲ့လား။"

"မရှိပါဘုရား။"

"အဲဒါ ဗြဟ္မဏ အယူဝါဒ။ ဟိန္ဒူတွေရဲ့ အယူဝါဒ။ 'လောက်လန်းသဖွယ် ဝိညာဉ်တွယ်'။ လူက သေသွားပြီ။ အသက်ဆိုတဲ့ ဝိညာဉ်လေးသည် ဟိုဘက်က ရုပ်တစ်ခုသို့ မရောက်မချင်း ဒါလေးက အဲဒီမှာ မစွန့်လွှတ်ဘူး။ ဆိုလိုတာက ဒီဟာလေးက ဝိညာဉ်လေး။ ဝိညာဉ်လေးက သေပြီ။ ဟိုဘက်မှာ မှီရာ တည်ရာ လိုက်ရှာနေတာ။ လောက်ကလေးတွေ၊ ကျွတ်ကလေးတွေလိုပဲ သိတယ် မဟုတ်လား။ တစ်ဘက်ကို အမှီမရခင် ဒီဘက်က လွှတ်သေးလား။"

"မလွှတ်ပါဘုရား။"

"နောက်အမှီရသွားတော့မှ ကူးသွားတာ။ ဒီမှာ သွားပြီးတော့ ဝင်စားသွားပြီ။ ဝိညာဉ်လေးက ဒီဘက်ရုပ်ကနေပြီးတော့ ဟိုဘက်ရုပ်ကို ကူးသွားတယ်တဲ့။ အဲဒါ ဟိန္ဒူ ဗြဟ္မဏဝါဒ။ 'လောက်လန်းသဖွယ် ဝိညာဉ်တွယ်'။



ဗုဒ္ဓဘုရား ဟောတဲ့တရားထဲမှာ ဝိညာဉ်၊ အသက်၊ လိပ်ပြာဆိုတာ မရှိဘူး။ ဘုန်းကြီးတို့ဘုရားက လက်မခံတဲ့ ဝါဒတွေ။ ဒါကို ဒီကနေ့ မြန်မာလူမျိုးတွေက ကျင့်သုံးနေတယ်။ ဒါ ဗုဒ္ဓဘာသာ မဟုတ်ဘူး။

'**ဗုဒ္ဓဘာသာ**'။ **ဗုဒ္ဓ**- ဘုရား၊ **ဘာသာ**- အယူ။ ဘုရားရဲ့အယူ။ ဗုဒ္ဓဘာသာဝင်ဆိုတာ ဘုရားရဲ့အယူကို ကျင့်သုံးနေတဲ့သူ။ **ဗုဒ္ဓဝါဒီ**- ဘုရားရဲ့လမ်းစဉ်ကို ကျင့်သုံးနေတဲ့သူတွေ။ ဒါတွေကို ယူနေရင် ဗုဒ္ဓဘာသာ မဟုတ်တော့ဘူး။ ဗုဒ္ဓဘာသာမှာ ဝိညာဉ် မရှိဘူး။ လိပ်ပြာ မရှိဘူး။

### တရားထိုင်မှ သိတာ

သိတတ်တဲ့ သဘောလေးပဲ ရှိတယ်။ အဲဒီ သိတဲ့သဘောလေး။ သိ..သိ..သိဆိုတဲ့ သဘောလေး။ သေခါနီးပြီဆိုတော့ ဒီအချိန်မှာ ဇောငါးတန် ပြန်နေပြီ။ ပြန်တဲ့အချိန်မှာ ဘယ်သွားနေလဲ။ သွေးတွေ အကုန်ဆုတ်နေပြီ။ သွေးတွေ အကုန် ဆုတ်လာပြီဆိုရင် မနောဘဝင်မှာ လာစုတယ်။ အဲဒီအချိန်မှာ မနောဝိညာဏ်စိတ်ကလေးမှာ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ပေါ်ပြီ။

ကိုယ်က အတိတ်က ကုသိုလ်ကံတွေ အားထုတ်ခဲ့ရင် ကုသိုလ်ကံနိမိတ်တွေ ပေါ်မယ်။ အကုသိုလ်ကံများရင် အကုသိုလ်ကံနိမိတ်တွေ ပေါ်မယ်။ လှူခဲ့ တန်းခဲ့ရင် ဆွမ်းတွေဘာတွေ ကျွေးတာ ပေါ်မယ်။ ကျောင်းကြီးတွေ၊ ဘုရားကြီး

တွေ ပေါ်မယ်။ ဒါပေမယ့် ကျောင်းကြီးတွေ၊ ဘုရားကြီးတွေကိုသွားပြီး ဒါ ငါ့ကျောင်း၊ ငါ့ဘုရားပဲဆိုပြီး စွဲလို့ကတော့ သွားပြီ 'အပါယ်'။

အဲဒီ ကုသိုလ်ပြုတဲ့ စိတ်ကလေးကို ဝမ်းမြောက်ဝမ်းသာဖြစ်နေတဲ့ စိတ်ကလေး၊ စေတနာလေးကို ပီတိဖြစ်နေရင် အဲဒီ ပီတိသည် ခန္ဓာမှာ ပီတိတွေ၊ ပဿဒ္ဓိတွေ ဖြစ်ပြီး ဖြိုးဖြိုးဖျင်းဖျင်းဖြစ်ပြီး အဲဒီအချိန်မှာ စိတ်က ကြည်လင်တဲ့ အချိန်လေးတွေမှာ '**ဓမ္မောပါပေတိ သုဂတိ**' နတ်ပြည်ရောက်မယ်။

အဲ့သလိုမှ မဟုတ်ဘဲနဲ့ ငါ့ကျောင်းကြီး၊ ငါ့ဘုရားကြီးဆိုရင်တော့ သွားပြီ။ ငရဲထိန်းတွေ ငရဲမီးတွေ မြင်ပြီ။ ဘယ့်နှယ်လဲ မြင်ပြီ။ လူ့ပြည်သွားမယ်ဆိုရင် အမိရဲ့ဝမ်းရေကို မြင်ပြီ။ တိရစ္ဆာန်ဘုံမှာ ဖြစ်မယ်ဆိုရင် တိရစ္ဆာန်ရဲ့ အခြင်းအရာတွေမြင်ပြီ။ ပြိတ္တာဘုံသွားမယ်ဆိုရင် ရေတွေ, တောတွေ, တောင်တွေ, ပင်လယ်တွေ မြင်ပြီ။

အဲဒီတော့ ဒီ မနောဝိညာဏ်လေးက ချုပ်တော့မယ်။ အဲဒီအချိန်အခါမှာ ယောဂီရဲ့ ခြေထောက်တွေ သွေးစမ်းတယ်။ ဘုန်းကြီးက အတွေ့အကြုံ များတယ်။ ဘုန်းကြီးရဲ့ လက်ပေါ်မှာ သေခဲ့တဲ့သူ များတယ်။ ဘုန်းကြီးက သာရေး နာရေး မလိုက်ဘူး။ ဒါပေမယ့် သေခါနီး တရားနာချင်တယ်ဆိုရင် ညတစ်နာရီ နှစ်နာရီ ကြိုက်တဲ့အချိန် ကြွပေးတယ်။ အလှူ



အတန်းတော့ မကြွဘူး။ ညပိုင်း တရားဟော တရားပြတော့ သွားတယ်။ ဒုမင်္ဂလ၊ သုမင်္ဂလတွေ မကြွတော့ပါ။

လူတွေ သေခါနီးမှာ ဘုန်းကြီး တော်တော် များများ တွေ့ဖူးတယ်။ လူတွေ ချွေးတွေ ထွက်လာတာ ရှိုးရှိုးထွက်တဲ့ ချွေးနဲ့ မတူဘူး။ လူတွေဟာ သေခါနီး ချွေးတွေက ထွက်လို့။ အဲဒီချွေးတွေက ဘာတွေလဲဆိုလို့ရှိရင် စေးကပ်ပြီးသွားတယ်။ ဆီတွေလိုပဲ ဖြစ်လာတယ်။ အဲဒါ ကြာတော့လည်း နှာခေါင်းတွေ လန်လာပြီ၊ တွန့်လာပြီ။ နားတွေကလည်း ကပ်လာပြီ။ ခြေသလုံးတွေကလည်း ကြွက်သားတွေ မရှိတော့ဘူး။ သလုံးမြင်းခေါင်းတွေ။

ဘုရားရှင်က ချစ်သားတို့.. ဤဆွမ်းကွမ်း ဝေယျာဝစ္စ လှူမယ့်သူ မရှိရင် ကိုယ့်ဘာသာကိုယ် သလုံးမြင်းခေါင်း ဆွမ်းခံ ဘုဉ်းပေးရမယ်လို့ မိန့်တယ်။ စာတွေ ဖတ်ပြီး လေ့လာတဲ့အခါမှ သလုံးမြင်းခေါင်းဆိုတာ ခြေသလုံးကို ပြောတာ။ လူသားတို့ရဲ့ ဒုတိယနှလုံးသားလို့ ပြောတဲ့ ခြေသလုံးအထက်နား ကြွက်သား။ ဒီ ကြွက်သားတွေ ဆုတ်ယုတ်လာရင် ဒီလူဟာ မကြာခင် သွားတော့မှာ။ အဲဒါ ဘုန်းကြီး သဘောပေါက်သွားတယ်။ လူသားရဲ့ ပထမ နှလုံးသားက 'ရင်ဘတ်မှာရှိတဲ့ နှလုံး'။ ဒုတိယ နှလုံးသားက 'ခြေသလုံးကြွက်သား'။

အဲဒီမှာ ခြေမျက်စိနားလေး အကြောလေးရှိတယ်။ နှိပ်

ရင် တော်တော် နာတယ်။ သေမယ့်သူ၏ ခြေမျက်စိနားက အကြောလေးကို လက်ကလေးနဲ့ ထောက်ကြည့်ရင် လုံး၀ မသိတော့ပါ။ တော်ရုံတန်ရုံ နှိပ်ကြည့် နာတယ်။ လုပ်ကြည့်ရင် မနာဘူးလား။ သေမယ့်လူက မသိပါ။ အားလုံး ချုပ်သွားပြီ။

ပဥ္စဝိညာဏ် ချုပ်သွားပြီ။ မနောဝိညာဏ်လေးပဲ ကျန်တော့တယ်။ သွားတော့မယ်။ ဘုန်းကြီး တော်တော် စမ်းသပ်ဖူးပါတယ်။ အဲဒီလိုအချိန်မှာ ဝိညာဏ်ဆိုတဲ့ အကြောင်းလေးပြောချင်လို့၊ ဒါ ဥပမာ တင်တာ။

ဝိညာဏ်စိတ်ကလေးက နိမိတ်တွေ မြင်ပြီဆိုရင်.. ဆိုပါစို့… အပါယ်သွားမယ့်ပုဂ္ဂိုလ်ဟာ အပါယ်က မီးတွေ၊ ငရဲထိန်းတွေနဲ့၊ အဲဒီအချိန်အခါမှာ စိတ်ကလေးက ဖျတ်ဆို ချုပ်သွားတယ်။ အဲဒီအာရုံကို စိတ်ကလေးက ညွှတ်လိုက်တယ်။ ညွှတ်လိုက်တဲ့အခါမှ ဖျတ်ဆို ချုပ်သွားတယ်။ ဖျတ်ဆို ချုပ်တာနဲ့ စုတိ သေတာ။ သေတာနဲ့ တစ်ပြိုင်နက် ဟိုဘက်မှာ ပဋိသန္ဓေ။ ငရဲမှာ ဘွားခနဲ သွားခံရတာ။

ဒီက လူ့ပြည်နဲ့ ငရဲကြားမှာ အကွက်တွေ၊ အလပ်တွေကြားတွေ ဘာမှ မရှိဘူး။ ဒါကို ဟိန္ဒူ ဗြဟ္မဏဝါဒက ဝိညာဉ်တွေ သေခါနီးကျရင် အသက်လေး ကျန်နေတယ်။ ဝိညာဉ်လေး ကျန်နေတယ်။ ဒါလေးဟာ နေစရာ မရှိသေးလို့ ခန္ဓာအိမ် လိုက်ရှာနေတယ်။ 'လောက်လန်းသဖွယ် ဝိညာဉ်တွယ်'။



ဗုဒ္ဓမှာ အဲဒီအယူဝါဒ မရှိဘူး။ ငရဲသွားမယ့်ပုဂ္ဂိုလ်သည် ငရဲနိမိတ်ကို မြင်တာ နဲ့တစ်ပြိုင်နက် ဖျတ်ဆို ချုပ်သွားတာနဲ့ 'စုတိ'။ ဟိုဘက်ကို 'ပဋိသန္ဓေ'။ ကြားမှာ အလပ် မရှိဘူး။ သေတာနဲ့ ငရဲ ချက်ချင်း ရောက်တယ်။

နတ်ပြည်ရောက်မယ့်သူကလည်း စုတိစိတ်ကျတာနဲ့ နတ်ပြည်မှာ ဘွားခနဲ ဘွားခနဲ ဥပပတ္တိ ပဋိသန္ဓေသွားဖြစ်တယ်။ အဲ့ဒါကို ဘယ်မှာ သိလဲ။ တရားထိုင်မှ သိတာ။ တရားထိုင်တော့မှ ဒီစိတ်တွေရဲ့ တစ်စိတ်ပြီး တစ်စိတ်ပြီး တစ်စိတ်ပြီး သိပျက်၊ သိပျက်နဲ့။ အော် ကြည့်စမ်း… သေတာနဲ့ တန်းပြီး ချုပ်သွားတာပါလား။ မချုပ်ဘူးလား။"

"ချုပ်ပါတယ်ဘုရား။"

### သေခါနီး အပါယ်နိမိတ်ကို ဘယ်လိုဖြတ်မလဲ

"တရားမှ ထိုင်မထားရင် သေခါနီးမှာ ငရဲနိမိတ်တွေ မြင်လာရင် ဘယ်လို ရှုမလဲ။ သေခါနီးမှာ ငရဲနိမိတ်ကြီးလာပြီ။ ဘယ်လို စိတ်ပြောင်းမလဲ။ ဆိုပါစို့… ဟောဒီမှာ ကိုယ်လုံးပေါ် မှန်ကြီး။ ကြည့်ရင် သူများအရိပ် ပေါ်မှာလား။ ကိုယ့်အရိပ် ပေါ်မှာလား။"

"ကိုယ့်အရိပ် ပေါ်မှာပါဘုရား။"

"ကိုယ့်အရိပ် ပေါ်တာ သိမနေဘူးလား။"

"သိပါတယ်ဘုရား။"

"အေး.. သေခါနီးမှာ အဲဒီမနောဝိညာဏ်ဆိုတဲ့ အကြည်မှန်မှာ သေခါနီး ဓမ္မာရုံဆိုတဲ့ ပုံရိပ်တွေ လာထင်တာ။

တစ်ခါတုန်းက ဘုန်းကြီးတစ်ပါး ဆရာတော်ကြီးပဲ..။ လမ်းလျှောက်ရင်း ခွေခွေလေး လဲကျသွားတယ်။ ခါးထိသွားတယ်။ ဘယ်ဆေးမှ မကုဘူး။ ဘုန်းကြီးတို့ အငယ်ဆိုတော့ တိုက်အုပ်ဆရာ ပင့်ပြီး ဂေါစရဂါမ် ဆရာတော်တွေနဲ့ ပရိတ်တွေ ရွတ်ပေးတယ်။ ပရိတ်သာ ရွတ်နေတယ်၊ ဆရာတော်ကြီးက ငါနဲ့ ကိုင်ဆဲနေတယ်။ ငါ.. ဟိုမှာ မသိဘူးလား။ ခွေးတွေ လာနေပြီ။ ခွေးနက်ကြီး လာနေပြီ။ မောင်းစမ်းပါကွ ဟေ့ကောင်တွေ။ ခွေးနက်ကြီး လာနေပြီ။ ဒီက ဘာတွေ ရွတ်နေတာလဲဆိုတာ သူ မသိဘူး။ အဲဒါ ဘာလဲ။ သူက မြင်နေပြီ။ သွားတော့မှာ...။

နောက် ဒကာတစ်ယောက်။ ဘုန်းကြီး ရွာမှာ ကျောင်းထိုင်စဉ်က ညနေပိုင်းလေးမှာ သူ့ရဲ့ဘဝတစ်လျှောက်လုံးမှာ ဘုန်းကြီး သိတာ သူက ဥပုသ်တွေ၊ ဝါတွင်းတွေ ဥပုသ်စောင့် မလာဖူးဘူး။ သူ့အိမ် ဆောက်ခါနီး သစ်တွေ ကျောင်းထဲ လာပုံတုန်းကပဲ အဲဒီတစ်ခါပဲ တွေ့ဖူးတယ်။ သူ့မှာ ကျွဲတွေ နွားတွေရှိတော့ နွားနို့လေး လာလှူတယ်။ ဒါပဲ သူ့ဘဝမှာ ရှိတယ်။ ဒါပေမယ့် သူ့အမျိုးသမီးကတော့ တရားထိုင်တယ်။ ဒါနဲ့ သူ ရောဂါတစ်ခု ဖြစ်လာတယ်။ ကျန်းမာရေး မကောင်း



ဖြစ်နေတယ်။ သူ့ရဲ့အာရုံထဲမှာ ခွေးနက်ကြီး တက်လာတယ်။

ဟဲ့ မယ်ရွှေ... ဟိုမှာ ခွေးနက်ကြီး တက်လာပြီလေ။ ငါ့ကို မျက်မှန်ပေးစမ်း။ နိမိတ်နော်၊ မျက်မှန်တောင် တပ်ကြည့်ရတယ်။ အကုသိုလ်တွေ သိပ်အားကြီးခဲ့တော့ သေခါနီးမှာ နိမိတ်တွေ မြင်တယ်။ အဲဒီ နိမိတ်တွေကို ဘယ်လို ဖြတ်မလဲ။ ကဲ- ဖြေကြပါ။ သံဃာတော် အရှင်သူမြတ်များ၊ သီလရှင်ဆရာလေးများ၊ အမျိုးကောင်းသား အမျိုးကောင်းသမီးများ။

သေခါနီးမှာ ပဋ္ဌဝိညာဏ် ချုပ်ပြီဆိုရင် မနောဘဝင်မှာ ဓမ္မာရုံတွေ လာတိုက်တဲ့အခါကျတော့ ဒီလို နိမိတ်တွေ မြင်သွားရင် ဘယ်လို ဖြတ်မလဲ။ အပြောလွယ်တယ်၊ ဖြတ်မယ်တာ ပြောနေတယ်။

◆ **စေ့စေ့ကြည့်တော့ နိဗ္ဗာန်ကိုတော့ လိုချင် လိုချင်။ စစ်စစ်ထိတော့ မခံချင် မခံချင်။**

ဒါများ ဝိပဿနာ ရှုမယ်ဆိုရင် ဘယ်ကလာ ရှုမလဲ။ နောက်တော့များ ငရဲနိမိတ်တွေ မြင်လာရင် ဒီနိမိတ်တွေကို ဘယ်လို ဖြတ်မလဲ။ ဘယ်ဉာဏ်ရောက်မှ ဘယ်လို ဖြတ်ရမယ်ဆိုတာ ရှိတယ်။ စွတ်ဖြတ်လို့ မရဘူး။ ဝိညာဏ်သိ၊ ပညာသိ။ အဲဒီ နိမိတ်တွေ ပေါ်လာရင် ဘယ်ဉာဏ်ကို ရောက်သွားပြီဆိုရင် ဘယ်အသိလောက်မှ ဒီနိမိတ်ကို ဖြတ်လို့ ရသလဲ။ ရှိစေ...။ နောက်ပိုင်းမှ လာမယ်။

## သင်္ခါရ နဲ့ အနိစ္စ ကွဲပြီလား

အဲဒီတော့ **ဓမ္မာ-** ဓမ္မာဆိုတဲ့ ဓမ္မသဘောတရားသည် ရုပ်နဲ့နာမ်တွေဟာ ရုပ်အရှုခံ တွန်းကန်တဲ့သဘောကလည်း သဘောတရား၊ ရှုနေတဲ့ နာမ်ကလည်း သဘောတရား။ သဘောတရားကို သဘောတရားနဲ့ ရှု။ သဘောကို သဘောနဲ့ ရှုနေတာ။ ဟုတ်တယ် မဟုတ်လား။"

"မှန်ပါ အရှင်ဘုရား။"

"ဒီ သဘောတရားလေးတွေ **ဓမ္မာ နိဿတ္တ နိဇ္ဇီဝ**။

ဒီတွန်းကန်တဲ့ သဘောတရားလေးကလည်း သတ္တဝါ မဟုတ်ဘူး။ သိနေတဲ့ စိတ်ကလည်း ငါ မဟုတ်ဘူး။ တရားကို တရားနဲ့ ရှုနေတာ။ ဓမ္မကို ဓမ္မနဲ့ ရှုနေတာ။ ဟုတ်တယ် မဟုတ်လား။"

"မှန်ပါဘုရား။"

"အဲဒီ ဝင်လေ ထွက်လေ တွန်းကန်တဲ့ သဘောတရားလေးက ဖြစ်ပြီးတော့ မပျက်ဘူးလား။"

"ပျက်ပါတယ်ဘုရား။"

"ဝင်လေ ထွက်လေ တွန်းကန်တဲ့ သဘောတရားလေးက အရှုခံသင်္ခါရ။ ပျက်သွားတာက အနိစ္စ။ သင်္ခါရနဲ့ အနိစ္စ ကွဲပြီလား။"

"ကွဲပါပြီဘုရား။"



"ဝင်လေ ထွက်လေ တွန်းကန်တဲ့သဘောက သင်္ခါရ။ ပျက်သွားတာက အနိစ္စ။ ဪ.. သင်္ခါရဆိုတာ ဘာလဲ။ သဘောလေး။ အရှုခံသင်္ခါရသဘောလေး။ သင်္ခါရဆိုတဲ့ ဝင်လေ ထွက်လေဆိုတဲ့ 'သဘောလေး'။ သူ့ကို ဓာတ်လို့လည်း ခေါ်တယ်။ 'ဓာတ်သဘောလေး'။ ရုပ်ပြောရင်လည်း ရုပ်လို့ ခေါ်တယ်။ 'ရုပ်သဘောလေး'။

အဲဒီအရှုခံဆိုတဲ့ ဝင်လေထွက်လေ ရုပ်က သင်္ခါရ။ ပျက်သွားတာက အနိစ္စ။

ဝင်လေ ထွက်လေကို သိနေတဲ့ စိတ်ခေါ်တဲ့ နာမ်တရားက သင်္ခါရ။ ပျက်သွားတာက အနိစ္စ။"

## တရားကို တရားနဲ့ ရှုနေတာ

"တွန်းကန်တဲ့ သဘောလေးနဲ့ သိတဲ့သဘောလေးသည် တစ်ထပ်တည်း ဖြစ်ပြီး တစ်ထပ်တည်း ချုပ်မသွားဘူးလား"

"ချုပ်သွားပါတယ်ဘုရား။"

"ချုပ်မသွားဘူးလား။"

"ချုပ်သွားပါတယ်ဘုရား။"

"အဲဒီ ချုပ်သွားတာကို သိတာသည် လူက သိတာလား၊ ဉာဏ်က သိတာလား။"

"ဉာဏ်က သိတာပါဘုရား။"

"ဉာဏ် ရမသွားဘူးလား။"

"ရသွားပါတယ်ဘုရား။"

"အဲဒီတော့ အရှုခံထဲမှာလည်း ငါ မရှိ။ ရှုနေတဲ့ ဉာဏ်ကလည်း ငါ မဟုတ်ဘူး။ သင်္ခါရတရားကို သင်္ခါရတရားက ရှုနေတာ မဟုတ်ဘူးလား။ တရားကို တရားနဲ့ ရှုနေတာ မဟုတ်လား။ ငါ ပါရဲ့လား။"

"မပါပါဘုရား။"

"အဲဒီမှာ ဆရာတော်ကြီးက ဟောတယ် မဟုတ်လား။ 'သဘာဝ'။ တွန်းကန်တဲ့သဘောလေးက သဘာဝ။ သိတဲ့သဘောလေးက သဘာဝ။ ဆရာတော်ကြီး ရှုကွက်ထဲမှာ ဟောထားတယ်။ အဲဒါ သဘာဝ ဆိုက်သွားတာ။ ရှုရသေးလား"

"မရှုတော့ပါဘုရား။"

"ဒါပေမယ့် ရှုတဲ့ **'ဘောင်ချိန်တဲ့နည်း'** ဆိုတာ ရှိသေးတယ်။ နောက်မှပဲ ဟောတော့မယ်။ ဒါက အာနာပါနရှုကွက် ရှင်းတမ်းလေးနော်။ သဘောပေါက်လား။"

"ပေါက်ပါတယ်ဘုရား။"

## သင်္ခါရဒုက္ခကို သိမှ မဂ်ကျတာ

"ဒီ ဝင်လေ ထွက်လေ တွန်းကန်တဲ့သဘောလေး အရှုခံ သင်္ခါရ၊ ဖြစ်ပြီးတော့ ပျက်သွားတာ။ ဖြစ်လိုက် ပျက်လိုက်။



ဖြစ်လိုက် ပျက်လိုက်။ အဖြစ်အပျက်တွေက နှိပ်စက်တဲ့တရားသည် ဆင်းရဲသလား၊ ချမ်းသာသလား။"

"ဆင်းရဲပါတယ်ဘုရား။"

"ဆင်းရဲတယ်ဆိုတာ တခြားလား၊ ဒုက္ခလား။"

"ဒုက္ခပါဘုရား။"

"ဒီဒုက္ခဆိုတဲ့ တရားက အမှားလား၊ အမှန်လား။"

"အမှန်ပါဘုရား။"

"ဆင်းရဲတာက ဒုက္ခ။ အမှန်က သစ္စာ။ ဒုက္ခသစ္စာ။ သစ္စာပိုင်ပြီ။ သစ္စာဉာဏ်အလင်းတွေ ပွင့်မသွားဘူးလား။"

"ပွင့်သွားပါတယ်ဘုရား။"

"ဘယ်သူက ဖွင့်ပေးတာလဲ။"

"ဉာဏ်က ဖွင့်တာပါဘုရား။"

"**မဂ္ဂသစ္စာ ဉာဏ်အလင်း** သဘောဖြစ်ပျက်ကို မြင်တော့မှ သြော်.. ဒီသဘောတရားလေးမှာ အဖြစ်က နှိပ်စက်လိုက်၊ အပျက်က နှိပ်စက်လိုက်၊ ဖြစ်ပျက်နေတယ်ဆိုတာ ဒုက္ခ။ ဘာဒုက္ခလဲ။ သင်္ခါရဒုက္ခ။ အဲဒီ သင်္ခါရဒုက္ခကို သိမှ မဂ်ကျတာ။

ဒီ 'သင်္ခါရဒုက္ခ'၊ ဝင်လေထွက်လေ ဖြစ်ပြီးတော့ ပျက်သွားပါလား။ ရုပ်နဲ့နာမ် တစ်ထပ်တည်းဖြစ်ပြီး တစ်ထပ်တည်း ချုပ်သွားပါလား။ အရှုခံအာရုံ တွန်းကန်တဲ့သဘောတရားလေး

နဲ့ သိစိတ်လေးဟာ တစ်ပြိုင်နက်ဖြစ်ပြီး တစ်ပြိုင်နက်ချုပ်သွားပါလား။ အဲဒီဖြစ်ချုပ်ဆိုတဲ့ သင်္ခါရဒုက္ခသစ္စာကို သိသွားတာက **ဉာဏ်-ဒုက္ခေဉာဏ်**။ ဖြစ်ပျက်ဆိုတဲ့ သင်္ခါရဒုက္ခ ဆင်းရဲကြီးကို ဆင်းရဲမှန်း သိသွားတာ တခြားလား။ ဉာဏ်လား။"

"ဉာဏ်ပါဘုရား။"

"အမလေး··အလိုလေး·· အော်ရသေးလား။"

"မအော်ရပါဘုရား။"

"ညည်းရသေးလား။"

"မညည်းရပါဘုရား။"

"ငါတွေ့ ဆင်းရဲလား။ ဉာဏ်တွေ့ ဆင်းရဲလား။"

"ဉာဏ်တွေ့ ဆင်းရဲပါဘုရား။"

"ငါတွေ့ ဆင်းရဲက အမလေး··အလိုလေး·· အော်ရတယ်။ ညည်းညူရတယ်။ ဟောဒီမှာ ရုပ်နာမ်သင်္ခါရဖြစ်ပျက်ဆိုတဲ့ ဒုက္ခသစ္စာကို ဉာဏ်နဲ့ တွေ့နေတဲ့အခါမှာ ညည်းရသေးလား။"

"မညည်းရပါဘုရား။"

"အမလေးလို့ အော်ရသေးလား။"

"မအော်ရပါဘုရား။"

"ကြောက်စိတ် လာသေးလား။"

"မလာတော့ပါဘုရား။"



"ရွံ့စိတ် လာသေးလား။"

"မလာတော့ပါဘုရား။"

"ပြေးချင်တဲ့စိတ် လာသေးလား။"

"မလာတော့ပါဘုရား။"

## ဝင်လေ ထွက်လေ ရှုရင်းနဲ့ နိဗ္ဗာန်ရနိုင်

"ကဲ··· ဘာပြောချင်သေးလဲ။ ဝင်လေ ထွက်လေကို ရှုရင်းနဲ့ ကျေးဇူးရှင် သဲအင်းဂူ ဆရာတော်ဘုရားကြီးရဲ့နည်း အာနာပါနရှုရင်းနဲ့ အာနာပါနဖြစ်ပျက်မှာ သင်္ခါရဒုက္ခသစ္စာကို ဉာဏ်နဲ့ သိသွားတာ။ '**ဒုက္ခေဉာဏ်**'။ ဆင်းရဲကို သိတာသည် ငါသိ ဆင်းရဲလား။ ဉာဏ်သိ ဆင်းရဲလား။"

"ဉာဏ်သိဆင်းရဲပါဘုရား။"

"ဉာဏ်သိဆင်းရဲဆိုတာ အမယ်လေး··အလိုလေး·· အော်ရသေးလား။"

"မအော်ရတော့ပါဘုရား။"

"ငါသိ ဆင်းရဲဆိုတာ ပညတ်ကို သွားသိတာ။ ပညတ်သိတော့ ငါမဟုတ်တဲ့ ခန္ဓာကိုယ်ကို ငါလို့သိတော့ ငါနာတော့ အမလေး··အလိုလေး··ဆိုပြီး မအော်ရဘူးလား။"

"အော်ရပါတယ်ဘုရား။"

"ငါသိဆင်းရဲနဲ့ ဉာဏ်သိဆင်းရဲ ကွဲပြီလား။"

"ကွဲပါပြီဘုရား။"

"ကွဲသွားပြီ။ ဒီ အာနာပါန ဝင်လေထွက်လေကို ရှုနေရင်းနဲ့ ဖြစ်ပျက်သင်္ခါရ ဒုက္ခသစ္စာကို သိသွားရင် (ဒီဆင်းရဲကြီးကို သိနေရင်)၂ နေချင်ပါဦးမလား။"

"မနေချင်ပါဘုရား။"

"မနေချင်တော့ကော ဒီဆင်းရဲက လွတ်ပါ့မလား။"

"မလွတ်ပါဘုရား။"

"ဒီဆင်းရဲကို ထပ်ခါထပ်ခါ မရှုဘူးလား။ ထပ်ခါထပ်ခါ ရှုရင်းနဲ့ ဒီဆင်းရဲကြီးကို သိပြီး၊ ဒီဆင်းရဲကြီးကို မုန်းပြီး ဆင်းရဲလွတ်တဲ့နေရာလေး မရှာဘူးလား။"

"ရှာပါတယ်ဘုရား။"

"တခြားလား၊ နိဗ္ဗာန်လား။"

"နိဗ္ဗာန်ပါဘုရား။"

"ဒီ အာနာပါန ဝင်လေထွက်လေ ရှုရင်းနဲ့ နိဗ္ဗာန် မရနိုင်ဘူးလား။"

"ရနိုင်ပါတယ်ဘုရား"

## ချုပ်ရမှာသည် ကိလေသာ

"ကောင်းပြီ ယောဂီတို့.. ဒီဝင်လေ ထွက်လေ ရှုနေတဲ့အချိန်အခါမှာ ဖြစ်ပျက်သင်္ခါရ ဒုက္ခသစ္စာကို သိမသွားဘူးလား။"



"သိသွားပါတယ်ဘုရား။"

"အဲဒီလို သိနေတဲ့အချိန်အခါမှာ အရှုခံဆိုတဲ့ ဝင်လေထွက်လေ ဖြစ်ပျက်သင်္ခါရ ဒုက္ခသစ္စာတရားပေါ်မှာ ကပ်ငြိမှု လောဘ လာသေးလား။"

"မလာတော့ပါဘုရား။"

"မခံနိုင်မှုဆိုတဲ့ ဒေါသ လာသေးလား။"

"မလာတော့ပါဘုရား။"

"ဖြစ်ပျက်သင်္ခါရ ဒုက္ခသစ္စာကို ဉာဏ်နဲ့ အမှန်မြင် အမှန်သိတော့ မသိမှု မောဟ လာသေးလား။"

"မလာတော့ပါဘုရား။"

"ဝင်လေထွက်လေဆိုတဲ့ ဖြစ်ပျက်သင်္ခါရ ဒုက္ခသစ္စာ အကျိုးတရားကြီးပေါ်က လောဘ, ဒေါသ, မောဟဆိုတဲ့ အကြောင်းတွေ ငြိမ်းသွားတာ။ ဒီ ဝင်လေထွက်လေ ဖြစ်ပျက် ဒုက္ခသစ္စာ အကျိုးတရားကြီးကို ငြိမ်းသွားအောင်၊ ချုပ်သွားအောင် ဘယ်တော့မှ ရှုလို့ မရဘူး။ လူသေမှ ချုပ်မယ်။ သင်္ချိုင်းကုန်းရောက်မှ ချုပ်မယ်။ ချုပ်ရမှာသည် ဘာလဲ။"

"ကိလေသာပါဘုရား။"

"ချုပ်ရမှာသည် ဘာလဲ။"

"ကိလေသာပါဘုရား။"

"ဒါကြောင့် ခန္ဓာမှာ ထုံကျဉ် ညောင်းညာ ကိုက်ခဲ

ချုပ်အောင် ရှု။ ဘယ်တော့မှ ဒုက္ခဝေဒနာ မချုပ်ဘူး။ ဒုက္ခဝေဒနာချုပ်ရင် သုခဝေဒနာ ပေါ်တယ်။ ဒုက္ခ သုခဝေဒနာ ချုပ်ရင် ဥပေက္ခာဝေဒနာ ပေါ်တယ်။ ဒီဝေဒနာ သုံးပါးသည် ခန္ဓာမှာ ရှိနေတယ်။

ဒီဝေဒနာတွေ အားလုံးချုပ်အောင် လုပ်လို့မရပါ။ သချိုင်းကုန်းရောက်မှ ချုပ်မယ်။ ချုပ်ရမှာသည် ကိလေသာ။ ဒါကို မဟုတ်ဘဲနဲ့ အကျိုးကြီး ရှုပြီး နင်လား ငါလား ရှုနေလို့ကတော့ အကျိုးသတ်ကြီးပဲ ဖြစ်မယ်။

ဒီယောဂီက ကုသိုလ်တော့ ရမယ်။ ဒီဘဝ မဂ်ဉာဏ် ဖိုလ်ဉာဏ်တော့ မရနိုင်ဘူး။ ဒါက အင်မတန် အရေးကြီးတယ်။ ဒါကြောင့် ယောဂီတွေဟာ ဝိပဿနာဆိုတဲ့လမ်းကို လျှောက်ရင်းနဲ့ လမ်းပျောက်ပြီး တချို့က ဒီနေရာလေးကို ရောက်ရင် ဒီထက် တစ်ဆင့်မြင့်တဲ့ 'သိ'ဆိုတဲ့ သဘောလေးရောက်ရင် ရှေ့ကို ဘာဆက်လုပ်ရမှန်း မသိဘူး။ အဲဒါ ဉာဏ်စဉ်ပိုင်းတွေ ရောက်ပြီ။ ရှင်းရဲ့လား"

"ရှင်းပါတယ်ဘုရား။"

## အာနာပါနရှုကွက် ရှုဉာဏ်တက်

"ဒီဖြစ်ပျက်သင်္ခါရ ဒုက္ခသစ္စာဆိုတဲ့ အကျိုးတရားပေါ်ကနေ လောဘ, ဒေါသ, မောဟဆိုတဲ့ ကိလေသာ ဖြစ်ခွင့်ရသေးလား။"



"မရတော့ပါဘုရား။"

"အဲဒီ ကိလေသာကို ငြိမ်းတာ လူက ငြိမ်းတာလား။ ဉာဏ်က ငြိမ်းတာလား။"

"ဉာဏ်က ငြိမ်းတာပါဘုရား။"

"တဒင်္ဂ ငြိမ်းသွားတာ။ တဒင်္ဂငြိမ်းသွားတော့ လောဘ, ဒေါသ, မောဟဆိုတဲ့ ကိလေသာ ငြိမ်းမသွားဘူးလား။"

"ငြိမ်းသွားပါတယ်ဘုရား။"

"ဒီအာနာပါန ဝင်လေထွက်လေရှုရင်းနဲ့ ဖြစ်ပျက်ဆိုတဲ့ သင်္ခါရဒုက္ခသစ္စာကို သိလည်းသိသွားရော လောဘ,ဒေါသ, မောဟဆိုတဲ့ ကိလေသာကို ဉာဏ်က တဒင်္ဂ ပယ်လိုက်တယ်။

**ဝိပဿနာယ ကိလေသာ တဒင်္ဂဝသေန ပဟီယန္တိ။**

**ဝိပဿနာယ** - ဝိပဿနာဉာဏ်သည်၊
**ကိလေသာ** - လောဘ, ဒေါသ, မောဟဆိုတဲ့ ကိလေသာကို၊
**တဒင်္ဂဝသေန** - တဒင်္ဂအစွမ်းအားဖြင့်၊
**ပဟီယန္တိ** - ပယ်လိုက်၏။

ဝိပဿနာဉာဏ်က ပယ်ထားတယ်။ တဒင်္ဂ ငြိမ်းမသွားနိုင်ဘူးလား။ တဒင်္ဂငြိမ်းသွားတော့ စိတ်ကလေးက ပူနေသလား။ အေးနေသလား။"

"အေးနေပါတယ်ဘုရား။"

"အေးငြိမ်းပြီးတော့ ချမ်းသာမနေဘူးလား။"

"ချမ်းသာနေပါတယ်ဘုရား။"

"**တဒင်္ဂဘော နိဗ္ဗုတိ**- အဲဒါနိဗ္ဗာန်ပဲ။ အာနာပါန ရှုနေရင်းနဲ့ သမထကြီးပဲလား။"

"မဟုတ်ပါဘုရား။"

"ဝိပဿနာလား။"

"ဝိပဿနာပါဘုရား။"

"ဒီအာနာပါနရှုကွက်က ရှုဉာဏ်တက်သွားရင် တဒင်္ဂမဂ်၊ တဒင်္ဂဖိုလ်၊ တဒင်္ဂနိဗ္ဗာန်ကို ချက်ချင်း ရသွားနိုင်တယ်။ အိမ်ရောက်မှ သိတဲ့တရား မဟုတ်ဘူး။ သင်္ချိုင်းကုန်း ဟိုဘက်ရောက်မှ မြင်တဲ့တရား မဟုတ်ဘူး။ အဲဒါ သဲအင်းဂူ ဆရာတော်ဘုရားကြီး၏ တရားရှုကွက်။"

**ဖြစ်ပျက်ဝါယောလေဓာတ်၊ ရုပ်ပရမတ်ကို**
**စိတ်တွင်စိုက်၍ ၊ နှာဖျားမှာထား**
**စေတသိက်ပွား ၊ ဉာဏ်မများနဲ့**
**ထွက်လေဝင်လေ ၊ ဤနှစ်ထွေကို**
**စိတ်စေတသိက်ရုပ် ၊ ဉာဏ်ဖြင့်အုပ်၍**
**ရှုပွားဆင်ခြင် ၊ ဉာဏ်၌မြင်သော်**
**သောတာပတ္တိမဂ်လမ်းတည်း။**



ဒီ အာနာပါန ဝင်လေထွက်လေနဲ့ သောတာပန်ဖြစ်တယ်။ သောတာပန်ရှုကွက်၊ သောတာပန်တက်စဉ်၊ သဲအင်းတရား။ ဒီအပေါ်က သွားရင် သောတာပန်၊ သောတာပတ္တိမဂ်စိတ်၊ ဒို့ဋ္ဌိနဲ့ ဝိစိကိစ္ဆာ သတ်လိုက်ရင် မဟာသောတာပန် ဖြစ်သွားတယ်။ အာနာပါနရှုနည်းနဲ့ သောတာပတ္တိမဂ်စိတ်၊ လွတ်စိတ်ခေါ်တယ်။ အားလုံး ရှင်းရဲ့လား။"

"ရှင်းပါတယ်ဘုရား။"

"သံဃာတော်အရှင်သူမြတ်များ၊ သီလရှင်ဆရာလေးများ၊ အမျိုးကောင်းသား အမျိုးကောင်းသမီးများ ဘာများ ဆွေးနွေးချင်ပါသေးလဲ။"

"မဆွေးနွေးတော့ပါဘုရား။"

"ဒါဖြင့် ဘုန်းကြီးရဲ့ အာနာပါနရှင်းတမ်း ဓမ္မကထာကို ဒီမှာတင်ပဲ နိဂုံးကမွတ် အဆုံးသတ်လိုက်ပါတယ်။"

"သာဓု..သာဓု..သာဓုပါဘုရား။"



# အာနာပါနရှုင်းတမ်း

ဖြစ်ပျက်ဝါယောလေတာတ်၊ ရုပ်ပရမတ်ကို
စိတ်တွင်စိုက်၍ ၊ နှာဖျားမှာထား
စေတသိက်ပွား ၊ ဉာဏ်မများနဲ့
ထွက်လေဝင်လေ ၊ ဤနှစ်ထွေကို
စိတ်စေတသိက်ရုပ်၊ ဉာဏ်ဖြင့်အုပ်၍
ရှုပွားဆင်ခြင် ၊ ဉာဏ်၌မြင်သော်
သောတာပတ္တိမဂ်လမ်းတည်း။

(မဟာစည်ဆရာတော်ဘုရားကြီး)